### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ**

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၁၅၁)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd. ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျားနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM–Wuling Auto Co., Ltd. ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျှိုကျိုးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လျှိုကျိုးစက်မှုပြတိုက်သို့ရောက်ရှိကြကာ လျှိုကျိုးမြို့ CPC ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် မြို့တော်ဝန် Mr. Zhang Zhuang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြတိုက်ဒုတိယတာဝန်ခံက ပြတိုက်အတွင်းရှိ လျှိုကျိုးစက်မှုသမိုင်းကြောင်း ပြခန်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ❖



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျှိုကျိုးမြို့ရှိ SAIC GM–Wuling Auto Co., Ltd. ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**ဆောင်းပါး**

**တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေ တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေ** စာ - ၁၁ သို့

**အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး** စာ - ၂၅ သို့



# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်)

## အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"** ဟူ၍ဖြစ်သည်။ အိုဇုန်းလွှာဆိုသည်မှာ လေထုထဲတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် အလွှာတစ်မျိုးဖြစ်ပြီး အင်္ဂလိပ်အမည် Ozone Layer ဟုခေါ်သည်။ အိုဇုန်းလွှာဓာတ်ငွေ့ကို မော်လီကျူးများဖြင့်ဖွဲ့စည်းထားပြီး မော်လီကျူးတစ်ခုစီတိုင်းတွင် အောက်ဆီဂျင်အက်တမ်သုံးခုပါရှိသည်။ အိုဇုန်းလွှာကို ၁၉၁၃ ခုနှစ်တွင် ပြင်သစ်ပညာရှင်များကစတင်ရှာဖွေတွေ့ရှိခဲ့ပြီး အိုဇုန်းလွှာ၏အကျိုးရှိပုံများကို ဗြိတိသျှနိုင်ငံသားလေထုပညာရှင်က လေ့လာတွေ့ရှိခဲ့ကြောင်းသိရှိရသည်။

အိုဇုန်းလွှာသည် ကမ္ဘာပေါ်ရှိလူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံးတို့အတွက် လွန်စွာကောင်းကျိုးပြုသည့်အတွက် ကမ္ဘာတွင် အိုဇုန်းလွှာကိုထိန်းသိမ်းစောင့်ရှောက်ကြရန် သတိပေးသည့်အနေဖြင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးကိုနေ့တစ်နေ့သတ်မှတ်ခြင်းဖြစ်သည်။ အိုဇုန်းလွှာ၏တာဝန်မှာ နေရောင်ခြည်နှင့်အတူပါလာသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအနက် လူနှင့်သက်ရှိတို့အားအန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးခြင်းဖြစ်သည်။ အိုဇုန်းလွှာသည် သက်ရှိများနှင့် ခရမ်းလွန်ရောင်ခြည်အကြားပိုင်းခြားကာကွယ်ပေးသည့်တံတိုင်းသဖွယ်လည်းဖြစ်သည်။


ခရမ်းလွန်ရောင်ခြည်ကိုလူသားတို့ထိတွေ့မိပါက အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ကိုယ်ခံအားကျဆင်းခြင်းစသည်များဖြစ်နိုင်သည်။ ထို့အတူ သစ်ပင်များတွင်လည်း ကြီးထွားမှုနှေးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ သစ်ပင်သီးနှံများတွင် အာဟာရဓာတ်ယုတ်လျော့ခြင်းတို့ဖြစ်ပေါ်ကာ စားသုံးသူကို အဆိပ်အတောက်ဖြစ်စေသည်။ အဏ္ဏဝါဂေဟစနစ်ပျက်စီးခြင်းနှင့် ရုပ်ဝတ္ထုပစ္စည်းယိုယွင်းပျက်စီးခြင်း စသည့်အန္တရာယ်များကိုလည်း ကြုံတွေ့နိုင်သည်။ ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးနေသည့်အိုဇုန်းလွှာထိန်းသိမ်းရေးကို လူသားတို့အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

အိုဇုန်းလွှာကိုမထိန်းသိမ်းနိုင်ပါက ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကိုလူသားတို့ခံစားကြရမည်ဖြစ်သည်။ အိုဇုန်းလွှာပျက်စီး၍ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင်နှစ်စဉ်လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာပတ်ဝန်းကျင်အစီအစဉ် (UNEP)၏အစီရင်ခံစာအရသိရှိရသည်။ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းအများစုမှာ ကမ္ဘာ့ပူနွေးမှုညွှန်းကိန်းမြင့်မားကြပြီး အင်အားကြီးသောမှန်လုံအိမ်အာနိသင်ဓာတ်ငွေ့များဖြစ်သည့်အတွက် ယင်းဒြပ်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုသည် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့်အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။ ဆိုးကျိုးများအဖြစ်ကမ္ဘာ့နိုင်ငံများတွင် ရေကြီးရေလျှံခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်းတို့ပေါ်ပေါက်လာရသည်။ ထို့ပြင် တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်လာခြင်းမှာ ခရမ်းလွန်ရောင်ခြည်၏အပူဒဏ်ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများသည် နှစ်စဉ်နှစ်တိုင်းမိုးရာသီကာလတွင် သစ်ပင်သစ်တောများပြန်လည်ပြည့်ဖြိုးစေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။ သစ်တောများပြုန်းတီးခြင်းကြောင့် မျှတသောရာသီဥတုမဖြစ်ပေါ်သည့်အခါ နစ်နာသူမှာလူသားတို့ပင်ဖြစ်သည်။ သစ်တောများနည်းပါးလာလျှင် အပူချိန်မြင့်တက်လာ၍ သစ်ပင်များကို နှစ်စဉ်စိုက်ပျိုးနေခြင်းမှာ ခရမ်းလွန်ရောင်ခြည်ကာကွယ်ခြင်းနှင့်အိုဇုန်းလွှာထိန်းသိမ်းခြင်းအတွက် အကျိုးရှိသော ဆောင်ရွက်ချက်များဖြစ်သည်။

သက်ရှိအားလုံးအတွက် မရှိမဖြစ်အရေးပါသည့်အိုဇုန်းလွှာကိုထိန်းသိမ်းကြရန် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို ကုလသမဂ္ဂမှဦးဆောင်ပြဋ္ဌာန်းခဲ့သည်။ အိုဇုန်းလွှာပျက်စီးနေခြင်းကို ကမ္ဘာ့နိုင်ငံများဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင်လည်းကောင်း အတည်ပြုချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်တွင် မြန်မာနိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုးထားသည်။ အဆိုပါမွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သော စက်တင်ဘာလ ၁၆ ရက်ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းပေးနိုင်ရန်မှာ လက်ရှိမျိုးဆက်များ၏တာဝန်ဖြစ်သည်။ ကမ္ဘာကြီးကိုအိမ်ကြီးအိမ်ကောင်းတစ်ခုနှင့်ပမာပြုရသော် အိမ်ကြီးအိမ်ကောင်းတွင်နေထိုင်ခွင့်ရရှိနေသူတို့သည် အဆိုပါအိမ်အားကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်နေထိုင်ပြီး မိမိတို့မျိုးဆက်များအားအကောင်းဆုံးအမွေကိုလက်ဆင့်ကမ်းရမည်ဖြစ်သည်။ ထို့အတူ ယနေ့ကမ္ဘာကြီးမှာတိုးတက်သာလွန်ကောင်းမွန်သောသိပ္ပံပညာကြောင့် လူသားတို့အဆင့်မြင့်မြင့်နေထိုင်နိုင်ကြသည်။ အဆိုပါတိုးတက်နေသည့်သိပ္ပံပညာဖြင့်ပင် လူသားတို့အနာဂတ်ကို အကောင်းဆုံးဖြစ်အောင်တည်ဆောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့အိုဇုန်းလွှာတိုက်ဖျက်ရေးနေ့တွင် လူသားအားလုံး၏ ကောင်းကျိုးစီးပွားအတွက် **"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"** ဆောင်ပုဒ်အတိုင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။




"From science to global action"
"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"

## မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

ကျွန်းစု စက်တင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလော့်အောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိဦးစိုးထက်အောင်နှင့်အကြီးတန်းစာရေး ဦးဖြိုးဇေယျာစိုးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက်တည်ဆောက်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံတို့ကို အသိပညာပေးရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးစိုးထက်အောင်၊ အကြီးတန်းစာရေး ဦးဖြိုးဇေယျာစိုး၊ မောင်းလော့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၁၅၂ ဦးခန့် တက်ရောက်ကြပြီး လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြကြောင်းသိရသည်။

(၄၁၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

## MWD Education, Knowledge & Sports Channel

၁၆-၉-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၂၀ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၀ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၆:၄၀ - ၁၇:၃၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၃၀ - ၁၉:၀၀ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံကေ ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံကေ ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံလျာထားကေ ၁၂၈၁ ကေကို ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် ပီလောပီနံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို မြေပြင်အရောက် ကွင်းဆင်းပြီး ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလည်း ပီလောပီနံစိုက်ဖူးတဲ့အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိစိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေစိုက်ပျိုးတဲ့ ပီလောပီနံတွေက အထွက်နှုန်းကောင်းတဲ့အမျိုးအစားတွေပါ" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။



မြောင်းမြမြို့နယ်၌ ဒေသခံတောင်သူများ အများဆုံးစိုက်ပျိုးကြသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတရရှိစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် နတ်စင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (နတ်စင်ကုန်းမြောက်) ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် ပြင်ပစာပေများကို လေ့လာဖတ်ရှုကြရန်လိုပြီး ပြင်ပစာအုပ်စာစောင်များ လေ့လာဖတ်ရှုခြင်းကြောင့် ကိုယ်တိုင်စဉ်းစားတွေးခေါ်တတ်သော အတွေးအခေါ်အမြော်အမြင်များရရှိမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် တိုးတက်ကြီးပွားခြင်း၏လှေကားထစ်ဖြစ်သည့်အတွက် ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားနှင့်အညီ အနာဂတ်နိုင်ငံတော်၏ ကဏ္ဍအသီးသီးကို ဦးဆောင်တာဝန်ယူကြမည့်သူများဖြစ်သောကြောင့် စာများဖတ်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာမူလတန်းကျောင်း (နတ်စင်ကုန်းမြောက်) မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံ အလုပ်ရုံများ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိ

မန္တလေး စက်တင်ဘာ ၁၅

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများနှင့် အဆောက်အအုံများ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်ရာတွင် စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ ဈေးများ၊ ရုပ်ရှင်ရုံများ၊ ဓာတ်လှေကားများ၊ စက်လှေကားများ၊ ဂဟေဆော်စက်များ၊ လျှပ်စစ်နှင့်ဆက်စပ်နေသော စက်ပစ္စည်းများနှင့် လျှပ်စစ်သွယ်တန်းခြင်းများ စသည့်နေရာများ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုံမှန်အားဖြင့် စက်ရုံ၊ အလုပ်ရုံတွေ၊ အဆောက်အအုံတွေကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့ တစ်နှစ်ကိုတစ်ကြိမ် စစ်ဆေးဆောင်ရွက်ပါတယ်။ မမျှော်မှန်းထားတဲ့ကိစ္စရပ်တွေဖြစ်ပွားလာလို့ လိုအပ်တဲ့အခါမှာ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်အထိ စစ်ဆေးဆောင်ရွက်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဒီဘဏ္ဍာနှစ်မှာ လက်ရှိအချိန်ထိ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အကြိမ်ရေ ၃၉၀၀ ကျော် စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွန်းကိုကပြောသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးမှုများကို ပုံမှန်အားဖြင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာနမှ လိုက်လံစစ်ဆေးဆောင်ရွက်ပြီး တစ်ခါတစ်ရံ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများနှင့် အဆောက်အအုံများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက အကြံပြုခြင်းနှင့်အတူ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ဂျန်တလ်မဲန်းသည် အရိယာနှင့် အရည်အချင်းတူသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အရိယာဟူသည် လောကမှ လွန်မြောက်သူများဟူ၍ ဗုဒ္ဓဘာသာဝင်များ (အကြမ်းအားဖြင့်) နားလည်ကြပေရာ ဂျန်တလ်မဲန်းဟူသည်မှာ လောကအတွင်း၌ အကောင်းဆုံးသော စာရိတ္တအရည်အချင်းရှိသူတစ်ယောက်ဟူ၍ သူတို့က ဆိုလိုပေသည်. . ."

**ယမန်နေ့မှအဆက်**

**အင်္ဂလိပ်တို့၏ စာရိတ္တစံချိန်**

မြန်မာပြည်၌မူ ဝန်ကြီးချုပ် ဦးနုက အိမ်မှရေးယူခဲ့သောမိန့်ခွန်းကို သုံးနာရီခန့်လောက်ကြာအောင် ဖတ်ပြောသည်ဆိုလျှင် 'ရောမမိန့်ခွန်းရှည်ကြီး' (မာရသွန်မိန့်ခွန်းကြီး) ဟူ၍ သတင်းစာများက ချီးကျူးထောမနာ ဩဘာပေးကြလေသည်။ ဘာ့က်၏မိန့်ခွန်းသည် အလျားရှည်ခြင်းသက်သက်ဖြစ်သည်ဟု မထင်ကြပါနှင့်ဦး။ တော်လှန်ရေးပြဿနာနှင့်ပတ်သက်၍ အလွန်တရာလေးနက်လှသဖြင့် မှတ်သားစဉ်းစားဖွယ်ကောင်းလှသည့်အနက်အဓိပ္ပာယ်များ အပြည့်အနက်ပါရှိသည်ဖြစ်သောကြောင့် စာအုပ်များရိုက်နှိပ်ရောင်းချရသေးပေရာ ကျွန်ုပ်တို့ငယ်စဉ်က ဘီအေအတန်းတွင် ကျောင်းသုံးအဖြစ်နှင့် သင်ကြရသည်ဟု အမှတ်ပြုမိပါသည်။ ဘာ့က်သည် ၁၀ နာရီမကပြောရသည့် ၎င်းမိန့်ခွန်းကို အိမ်မှရေးယူခဲ့ပြီး ဖတ်ပြခြင်းမဟုတ်။ မှတ်စု (Notes) လေးများလောက်သာရေးခဲ့၍ တစ်ချက်တစ်ချက်တွင် သတိပေါ်စေရန် လှမ်းကြည့်ရရုံသာရှိလေသည်။ (ကျွန်ုပ်သည် အင်္ဂလိပ်လူတော်များအကြောင်းကို ဖတ်ရ၍ ကြည်ညိုမိခြင်းကား ဝန်ခံပါသည်။) မကြာသေးမီက ဦးနုနှင့် အတော်ရင်းနှီးသည့် လူခပ်ရွယ်ရွယ်တစ်ယောက်သည် ကျွန်ုပ်၏နေအိမ်သို့ရောက်လာ၍ အင်္ဂလိပ်စာအုပ်ကောင်းများအကြောင်း ဆွေးနွေးကြရာတွင် 'ကိုကြီးနုက ပြောဖူးတယ် ဆရာကြီးရဲ့၊ မင်းတို့လူစုက အင်္ဂလိပ်စာအုပ်တွေဖတ်ပြီး အင်္ဂလိပ်ကို ကြည်ညိုနေကြတာကိုးကွဲ့' ဟု ကြိမ်းမောင်းကြောင်း ပြောပြဖူးလေသည်။ ဦးနုသည် ကျွန်ုပ်နှင့်မသိကျွမ်းသဖြင့် ဆွေးနွေးခွင့်မရသည့်အတွက် ဦးနုကံကောင်းသည်။ စာအုပ်ကောင်းကို ပစ်ပစ်ခါခါပြောတတ်သူများအား ဘိုးအေလောက် ဂုဏ်ကြီးစေ၊ ကျွန်ုပ်တွယ်စမ်းချင်သည်။ အင်္ဂလိပ်လူမျိုးအနက် မတရားသောလောဘရှိသည့်အရင်းရှင်များသည် ကျွန်ုပ်တို့၏လည်မျိုကိုနင်းပြီး သွေးစုပ်ကြသည်မှန်သော်လည်း ပညာရှိပိုင်းမှ အင်္ဂလိပ်များသည် (နယ်ချဲ့သမားသည် ပညာရှိထဲတွင် မပါချေ။) ပညာဘက်တွင်သာမက စာရိတ္တဘက်တွင်လည်း ကမ္ဘာတွင် ဦးဆောင်ခဲ့သူများဖြစ်ကြသည်။

ဂျန်တလ်မဲန်း (Gentleman) ဟူသည်မှာ စာရိတ္တဘက်တွင် လူတစ်ယောက်အနေဖြင့် ကောင်းသောအရည်အချင်းများအတော်ပြည့်စုံသူ တစ်ယောက်ဟူ၍ (အင်္ဂလိပ်အသုံးအနှုန်းကို နားလည်သော) ကမ္ဘာသူ ကမ္ဘာသားတိုင်းက အသိအမှတ်ပြုကြရသည်ဖြစ်ရာ အရှေ့တိုင်းရောအနောက်တိုင်းပါ ထိုစကားလုံးနှင့်အဓိပ္ပာယ်အပြည့်အစုံတူညီသော စကားလုံးဟူ၍ မရှိခြင်းကို ကမ္ဘာက ဝန်ခံလျက်ရှိကြရသည်။ ဤအတွက်ကြောင့် အင်္ဂလိပ်လူမျိုးများဂုဏ်ယူတတ်ကြခြင်းကို ကျွန်ုပ်လည်း ထောက်ခံသည်။ ဂျန်တလ်မဲန်းဟူသောစကားလုံးကို နားမလည်သူများသိကြအောင် ဥပမာဆောင်၍ ပြရသော် ဗုဒ္ဓဘာသာဝင်များသည် "အရိယာ"ဟူသောစကားလုံးကို အမြတ်တနိုးသဘောထားကြသည့်နည်းတူ အင်္ဂလိပ်လူမျိုးတို့သည်လည်း ထိုစကားလုံးကို အမြတ်တနိုးထားကြ၏။ ဤသို့ဆိုခြင်းအားဖြင့် ဂျန်တလ်မဲန်းသည် အရိယာနှင့် အရည်အချင်းတူသည်ဟုဆိုလိုခြင်း မဟုတ်ပေ။ အရိယာဟူသည် လောကမှ လွန်မြောက်သူများဟူ၍ ဗုဒ္ဓဘာသာဝင်များ (အကြမ်းအားဖြင့်) နားလည်ကြပေရာ ဂျန်တလ်မဲန်းဟူသည်မှာ လောကအတွင်း၌ အကောင်းဆုံးသော စာရိတ္တအရည်အချင်းရှိသူတစ်ယောက်ဟူ၍ သူတို့က ဆိုလိုပေသည်။ လောကီသားတစ်ယောက်အနေဖြင့် ဂျန်တလ်မဲန်းထက် ပိုပြီးကောင်းရန် မဖြစ်နိုင်ဟူ၍ သူတို့ယူဆကြသည်။ အင်္ဂလိပ်ကို ကျွန်ုပ်ကြည်ညိုသောအချက်တစ်ခုမှာ စိတ်နှလုံးကောင်းသောလူများသည် ဂျန်တလ်မဲန်းဖြစ်ဖို့ ကြိုးစားကြရန် သတိရတတ်ခြင်းပင်ဖြစ်လေသည်။ ဂျန်တလ်မဲန်းအစစ်သည် သူတို့အထဲတွင်လည်း တစ်ရာတွင် တစ်ယောက်စ၊ နှစ်ယောက်စ ရှိချင်မှရှိသည်ဟု အယူရှိကြဟန်တူလေသည်။ အင်္ဂလိပ်ဝတ္ထုကောင်းများ၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအား 'ဂျန်တလ်မဲန်း' ဖြစ်အောင် ကြိုးစားချင်သောဆန္ဒမျိုး နှိုးဆွပေးကြသည်ဖြစ်ပါလျက် ဦးနုသည် ထိုသို့သောစာမျိုးကို ကျောခိုင်းသည်ဆိုခြင်းအတွက် အံ့ဩမဆုံးဖြစ်မိသည်။ ဦးနုကား စာရိတ္တကောင်းရေးအတွက် 'နီတိ' စာအုပ်များ ဖတ်လျှင် လုံလောက်သည်ဟု မှတ်ထင်သည့်လက္ခဏာရှိသည်။ မှားလေစွတကား။

**စကားပြောကောင်းသော မြန်မာများ**

အင်္ဂလိပ်လူမျိုး အက်ဒ်မန်ဘာ့က်၏ စကားပြောကောင်းပုံကို ဖော်ပြမိရာတွင် စကားပြောကောင်းသော မြန်မာလူမျိုးများအကြောင်းကိုလည်း ဖော်ပြလိုက်ချင်ပါသေးသည်။ ယင်းသို့ဖော်ပြရာတွင် ကျွန်ုပ်ကိုယ်တိုင် နားထောင်ရဖူးသူများအကြောင်းကိုသာ ဖော်ပြနိုင်ပါမည်။ ကျွန်ုပ်ပထမဦးစွာ နားထောင်ရဖူးသည့် ပုဂ္ဂိုလ်မှာ မန္တလေးသား စီပီ ဦးခင်မောင်ဖြစ်၏။ သူရိယတိုက်၌ နိုင်ငံရေးအစည်းအဝေးတစ်ခုပြုလုပ်ရာတွင် (ဝိုင်အမ်ဘီအေလော၊ ငါးပွင့်ဆိုင်လော မမှတ်မိ။) ဦးချစ်လှိုင်၊ ဦးဘဖေ၊ ဦးခင်မောင်တို့ တက်ရောက်ကြခြင်းကိုမှတ်မိ၏။ ထိုအစည်းအဝေး၌ စီပီ ဦးခင်မောင်လည်း စကားပြော၍ ဆရာလွန်းနှင့် ကျွန်ုပ်လည်း နားထောင်ကြ၏။ ဦးခင်မောင်သည် မန္တလေးသားဖြစ်၍ စကားလုံးကြွယ်ဝသည့်အပြင် ယဉ်ကျေးသောအသုံးအနှုန်းများဖြင့် ကရားရေသွန် ချောမောသွက်လက်စွာ ပြောသွားသည်နှင့် ပရိသတ်များ ငေးလျက်နားထောင်ကြရ၏။ အောက်သားပရိသတ်သည် ဦးခင်မောင်၏ ပြောနည်းမျိုးကို နားထောင်ကြရဖူးသည့်လက္ခဏာမရှိချေ။ စကားအဆုံး၌ ဆရာလွန်းက "ဒီက ခွေးမသားတွေ ဒီလိုတစ်ယောက်မှ မပြောတတ်ပါဘူး" ဟု ကျွန်ုပ်အား ပြောသည်ကို မှတ်မိပါသေးသည်။ ကျွန်ုပ်၏အယူအဆမှာကား စကား၏အဓိပ္ပာယ် လေးနက်ခြင်းထက် သွက်လက်ခြင်း၊ ပီသခြင်း၊ ချောမောခြင်းနှင့် ယဉ်ကျေးခြင်းအားဖြင့် ထင်ရှားသည်ဟု ဆိုချင်ပါသည်။ အောက်သားများသည် အဓိပ္ပာယ်လေးနက်ခြင်းတွင် သာချင်သာမည်ဖြစ်သော်လည်း အထက်ပါအင်္ဂါလေးရပ်တွင်မူ စီပီ ဦးခင်မောင်အနီးသို့ ချဉ်းကပ်ဖို့ ခဲယဉ်းလိမ့်မည်ထင်မိပါသည်။

**ဂျွန်ဦးစော**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် ကြီးကျယ်သော အပြစ်အနာအဆာမျိုးရှိပင်ရှိသော်ငြားလည်း အကြင်ပုဂ္ဂိုလ်၌ ထူးခြားသော အရည်အချင်းတစ်မျိုးရှိသည်ကို တွေ့ရလျှင် အပြစ်ရှိသည်ဆို၍ မြေမြှုပ်မပစ်လိုက်ချင်ဘဲ ထူးခြားချက်ကို ဖော်ထုတ်တင်ပြလိုခြင်းမှာ ကျွန်ုပ်၏ဝါသနာတစ်ခုဖြစ်၏။ ဤနေရာတွင် 'ခြောက်တန်းသမား' ဟု ပြောကြသည့် ရှေ့နေကလေးအဖြစ်မှ (ထိုခေတ်အခေါ်) နန်းရင်းဝန်ဖြစ်လာသော ဂျွန်စော၏အရည်အချင်းကို အမွှမ်းတင်ရန်မဟုတ်။ စကားပြောခြင်းနှင့်ပတ်သက်၍ အလျဉ်းသင့်သည်ထင်သဖြင့် ရေးသားမည်ကြံခြင်းဖြစ်ပါသည်။ မန္တလေးသို့ ရန်ကုန်မှ ကျွန်ုပ်ခေတ္တရောက်နေစဉ် မင်္ဂလာဈေးဘက်၌ နိုင်ငံရေးတရားပွဲရှိ၍ ကျွန်ုပ်ရောက်သွား၏။ ထိုစဉ်က ရွေးကောက်ပွဲကျင်းပလုဆဲဆဲရှိရာ မျိုးချစ်အမတ်လောင်း ရွှေပြည်ဆရာဦးဘတင်အတွက် နန်းရင်းဝန် ဂျွန်စောစကားပြောမည်ဆိုသဖြင့် ကျွန်ုပ်သွားရောက်ခြင်းဖြစ်၏။ ဦးစောနှင့် ကျွန်ုပ်မှာ သူရိယတိုက်တွင် အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာအနေဖြင့် အလုပ်အတူလုပ်ခဲ့ဖူးသော်လည်း သူစကားပြောခြင်းကို တစ်ကြိမ်မျှ မကြားဖူးသေးချေ။ ဦးစောမှာ ထိုည၌ တရားပွဲအဆက်များရှိသောကြောင့် မင်္ဂလာဈေးတရားပွဲတွင် ဦးစောက ရှေးဦးစွာ ဟော၍ ဦးဘတင်က နောက်မှဟော၏။ ကျွန်ုပ်သည် ကိုယ်တိုင်စကားပြောဖို့နှင့်ပတ်သက်၍ ထိုစဉ်ကတည်းက လက်မြှောက်ထားခဲ့ပြီးဖြစ်သောကြောင့် မိမိအတွက် အတုယူရန်မဟုတ်ဘဲ စကားပြောခြင်းအတတ်ကို ပညာရပ်တစ်ခုအနေဖြင့် ဗဟုသုတရှာမှီးရန်အလို့ငှာ နားစိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဦးစော စကားပြောကောင်းလှသည်ဟု နာမည်ထွက်နေခြင်းမှာ ဘာများကောင်း၍ပေနည်းဟု စုံစမ်းသောစိတ်ထားဖြင့် နားထောင်လျက်ရှိ၏။ ဦးစော၏ စကားပြောကောင်းသော အင်္ဂါတစ်ရပ်ကို ကျွန်ုပ် အမှတ်ပြုခဲ့မိသည်မှာ ပြောစဉ်အခိုက်၌ 'ဝေါခနဲ' ပွဲကျအောင် ပြောတတ်ရုံသာမက တရားပွဲပြီး၍ ပရိသတ်များပြန်သွားကြသောအခါ၌လည်း သူတို့၏ဦးခေါင်းထဲသို့ နှက်သွင်းလိုက်သည့်နှယ် စူးဝင်သွားသည့် စကားလေးငါးလုံးသည် 'ဆောင်ပုဒ်' ကလေးများသဖွယ် တပြောတည်းပြောလျက် ကျန်ရစ်ခြင်းပင်ဖြစ်လေသည်။ ဤတွင် ၎င်းပြောနည်းသည် ဦးစောအဖို့ 'စားပေါက်' ပေတည်းဟု ကျွန်ုပ်မှတ်ချက်ချထားလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ခရမ်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံပညာရေးမှူး ဦးသိန်းနိုင်က ပညာရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရမ်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာ



ဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (CFRD)၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)၏ (၁၀)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms.Cao Jing၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)ဒုတိယဥက္ကဋ္ဌ Mr.Liu Wenkuiနှင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms.Cao Jing နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)ဒုတိယဥက္ကဋ္ဌ Mr.Liu Wenkuiတို့ကအမှာစကားပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (CFRD)၏ (၁၀)နှစ်မြောက် နှစ်ပတ်လည် ကိတ်အား လှီးဖြတ်ပေးကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း(CFRD)နှင့်ပူးပေါင်းဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများက နားလည်မှုစာချွန်လွှာများကို သဘောတူလက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)ဒုတိယဥက္ကဋ္ဌတို့က အလှူရှင်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားကြပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် လှိုင်သာယာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းမှကျောင်းသား၊ကျောင်းသူများက အကများဖြင့်ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံးသည် (၁၀)နှစ်တာအတွင်း “ကြီးမားသောချစ်ခြင်း” ဆိုသည့် အတွေးအခေါ်အတိုင်း "Belt and Road Initiative" မဟာဗျူဟာအား ရှေးရှုကာ မြန်မာပြည်တွင် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းများကို အပြည့်အဝဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံရှိ ပြည်နယ်အများစုရှိ ကလေးများအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ လျှပ်စစ်မီးမရှိသည့်ဒေသများရှိ ကျောင်းသားမိသားစုများကို solar မီးလုံးများလှူဒါန်းခြင်း၊ တက္ကသိုလ် ကျောင်းသားများကို ပညာသင်ဆုနှင့်ကျွမ်းကျင်မှုသင်တန်းများပံ့ပိုးခြင်း၊ ကျေးရွာဒေသများတွင် ရေသန့်စင်စက်များတပ်ဆင်ခြင်း စသည့် လှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြဝတီ

# ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့် ဂုတ်ထိပ်တံတားများကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး





နေပြည်တော် စက်တင်ဘာ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့် ဂုတ်ထိပ်တံတားများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုဘူတာမှတစ်ဆင့် သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်တံတားကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဂုတ်ထိပ်တံတား လားရှိုးဘက်ခြမ်းကမ်းကပ်ခုံနှင့် တံတားတိုင် အမှတ် ၁၆ အကြား တံတားသံပေါင်များ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့်တံတားပစ္စည်းများ သယ်ယူစုဆောင်းပြီးစီးမှု၊ ယာယီဒေါက်တိုင်ဖြင့် ယာယီသံပေါင်တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသည့်တံတားအစိတ်အပိုင်းများ ဖယ်ရှားပြီး တံတားသံပေါင်အသစ်များ အစားထိုးတပ်ဆင်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမိုင်းအမွေအနှစ်တံတားဖြစ်သဖြင့် မူလလက်ရာဒီဇိုင်းအတိုင်း ပြန်လည်တည်ဆောက်နိုင်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များကိုမှာကြားပြီး တံတားကြီးနှင့်ကပ်လျက် ပေ ၃၅၀ အရှည်ရှိဥမင်လိုဏ်ခေါင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးထားသည့် ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးများ၊ မိုင်းဖောက်ခွဲရန် စီစဉ်ထားခဲ့သည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်မှ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် ဂုတ်ထိပ်ဘူတာရုံ၌ သီးသန့်ထိန်းသိမ်းပြသထားသည့် ဂုတ်ထိပ်တံတား စတင်တည်ဆောက်ခဲ့စဉ်က ရှားပါးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကာ ဘူတာဝန်ထမ်းများနှင့် တံတားမွမ်းမံပြင်ဆင်ရေးတာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာဝန်ထမ်းများ၊ နောင်ချိုမြို့၌ တာဝန်ထမ်းဆောင်နေကြသည့်ဌာနအဖွဲ့အစည်းများမှဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြား မန္တလေး-လားရှိုးရထားလမ်းကြောင်းပေါ်၌ ပေ ၂၂၀၀ ကျော် ရှည်လျား၍ ပေ ၅၀၀ ခန့်နက်သည့် လျှိုချောက်ကြီး၏ တစ်ဖက်တစ်ချက်ရှိ တောင်နံရံနှစ်ခုကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး တံတားကြီးကို လန်ဒန်မြို့ရှိ Sir A.M.R Rendel & Co., က ဒီဇိုင်းရေးဆွဲ၍ အမေရိကန်ပြည်ထောင်စုမှ Pennsylvania & Maryland Bridge and Construction Co., က ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သဖြင့် ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ရာ ယခုအခါ သက်တမ်းနှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီဖြစ်သည်။ တံတားအရှည်ပေ ၂၂၆၀ ခန့်၊ တံတားသံမဏိတိုင်အမြင့် ပေ ၃၂၀ အပါအဝင် လျှိုကြမ်းပြင်မှ ရထားသံလမ်းမျက်နှာပြင်အထိ အမြင့် ၈၂၅ ပေခန့်မြင့်မားသောကြောင့် ၎င်းကာလက ကမ္ဘာ့အမြင့်ဆုံး သံမဏိတံတားအဖြစ် မှတ်တမ်းဝင်ခဲ့ကာ သံနှင့်သံမဏိတန်ချိန် ၄၃၁၁ တန်၊ သံမှိုတစ်သန်းခန့်သုံးစွဲထားပြီး မတ်စောက်သည့်တောင်စောင်းများအကြား ခက်ခဲစွာ တည်ဆောက်ထားခြင်းဖြစ်သောကြောင့် မီးရထားဖြင့် လိုက်ပါစီးနင်းလျှင် တွေ့မြင်ရသည့်သံမဏိတံတားနှင့် ပတ်ဝန်းကျင်ရှုခင်းအလှအပမှာ လွန်စွာကျော်ကြားပြီး မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဖွယ်ရာ အံ့မခန်းထင်ရှားသည့် တံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတားကို ဩဂုတ်လ ၂၄ ရက်က အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ (TNLA) က မိုက်မဲစွာ မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြအသိပေးခဲ့ပြီး ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက ပျက်စီးသွားသည့် အစိတ်အပိုင်းများကို ရှေးမူရင်းလက်ရာဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ မြဝတီ



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများအတွက် အားကစားပစ္စည်းများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

❒ **ကျောဖုံးမှအဆက်**

သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"ပြည်သူ့စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်မှာလည်း ကျွန်တော့်ရဲ့ ဆန္ဒ၊ အိမ်ကမိဘဆွေမျိုးများရဲ့

**စာမျက်နှာ ၇ သို့** ❒

○ **ကျောဖုံးမှအဆက်**

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများအလိုက်ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းပုံစံ [၁၅ (က-၁)] နှင့်အတူ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများသို့ ( ၂၄ - ၁၁ - ၂၀၂၅ )ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများတွင် ( ၂၅ - ၁၁ - ၂၀၂၅ ) ရက်မှ ( ၂၉ - ၁၁ - ၂၀၂၅ ) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [ ၁၅(က-၁) ]၊ အသုံးမပြုဘဲကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များနှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ( ၂၆ - ၁၂ - ၂၀၂၅ ) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့ရန်။

၃။ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံ အကြီးအမှူးများသည် အပိုဒ် ၂ (ဃ) ပါကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းထောင်၊ အချုပ်ထောင်များ၊ ဆေးရုံများတွင် ( ၂၉ - ၁၀ - ၂၀၂၅ ) ရက်နေ့ နောက်ပိုင်းမှ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်ကုသရသူများရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ(၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူ၍ဖြည့်စွက်ပြီး ( ၁၂ - ၁၀ - ၂၀၂၅ ) ရက်အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန်၊

(ခ) အဆိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်းပုံစံ (၁၅-ဂ) နှင့်အတူ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ ( ၂၉-၁၀-၂၀၂၅ ) ရက်နေ့ အရောက်ပေးပို့ရန်၊

(ဂ) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များကို မြို့နယ်အလိုက်ပြုစုထားသည့် မြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများစာရင်းပုံစံ[ ၁၅( ဂ-၁ ) ] နှင့်အတူ ပုံစံ(၁၅)ပေးပို့လာသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ( ၂၄ - ၁၁ - ၂၀၂၅ ) ရက်နေ့ အရောက်ပေးပို့ရန်၊

(ဃ) ယာယီနေရပ်စွန့်ခွာနေရသူများ ရောက်ရှိနေသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် (၂၅ - ၁၁ - ၂၀၂၅) ရက်မှ (၂၉ - ၁၁ - ၂၀၂၅) ရက်အတွင်း သင့်လျော်သည့်နေ့ရက်၊ သင့်လျော်သည့်နေရာ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများလက်မှတ်ရေးထိုးထားသည့် ပုံစံ [ ၁၅ ( ဂ-၁ ) ]၊ အသုံးမပြုဘဲကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များနှင့်အတူ မဲစာရင်းပါရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ( ၂၆ - ၁၂ - ၂၀၂၅ ) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်၊

(စ) မဲစာရင်းပါရှိသည့်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာနေရသူများသည် ပုံစံ (၁၅) ဖြင့် မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်အတွက် ကြိုတင်မဲမပေးလိုပါက လက်ရှိရောက်ရှိနေသော မြို့နယ်တွင် မဲစာရင်းပါရှိစေရေး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀ ပါ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ ( ၂၇ - ၁၀ -၂၀၂၅ ရက်နေ့နောက်ဆုံးထား၍) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ ( ၃ - က ) ဖြင့် လျှောက်ထားရန်။

၆။ သို့ဖြစ်ပါ၍ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပတွင်ရောက်ရှိနေသော ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာအကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**









အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

❒ **စာမျက်နှာ ၆ မှအဆက်**

ဆန္ဒများနဲ့လာရောက်၍တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို တာဝန်ကျေကျေနဲ့ပဲ ထမ်းဆောင်သွားပါမယ်၊ တာဝန်ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို စောင့်ရှောက်ချင်တဲ့ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။ နှစ်နှစ်တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ကာလပတ်ကို တာဝန်ကျေကျေနဲ့ လေးလေးနက်နက်နဲ့ ရိုရိုသေသေလေးလေးစားစားနဲ့ တာဝန်ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်”ဟုပြောသည်။

“ကျွန်တော်ဒီသင်တန်းတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးဘာသာသာသနာအကုန်လုံးကို တစ်တပ်တစ်အားတစ်ထောင့်တစ်နေရာကနေပြီးတော့ စောင့်ရှောက်ချင်တဲ့ဆန္ဒဖြစ်ပါတယ်။ မိဘတွေကို ခွင့်တောင်းတဲ့အချိန်မှာ မိဘတွေကလည်းခွင့်ပြုခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒသဘောလည်းပါပါတယ်။ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးလို့ရှိရင် တပ်မတော်က ကျွန်တော့်ကို ထပ်ပြီးလိုအပ်နေမယ်ဆိုရင်တော့ ကျွန်တော်ဆက်ပြီး တာဝန်ထမ်းဆောင်ဖို့ရှိပါတယ်” ဟုပြောသည်။

“ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ လာတက်တာပါ အိမ်ကမိဘတွေလည်း အကုန်လုံးခွင့်ပြုပါတယ်။ တက်ရောက်ရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအေးချမ်းသာယာဖို့အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူလေးဖြစ်စေချင်လို့ပါ” ဟုပြောသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

၁၅-၉-၂၀၂၅

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟုမ္မလင်း | ၅ | ဒသမ | ၆၆ | လက်မ | ဟဲဟိုး | ၁ | ဒသမ | ၇၇ | လက်မ |
| ရွှေဘို | ၃ | ဒသမ | ၄၃ | လက်မ | ပုသိမ်ကြီး | ၁ | ဒသမ | ၆၀ | လက်မ |
| ဖောင်းပြင် | ၂ | ဒသမ | ၉၉ | လက်မ | လွိုင်ကော် | ၁ | ဒသမ | ၅၄ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၆၀ | လက်မ | ဇလွန် | ၁ | ဒသမ | ၄၆ | လက်မ |
| ဟိုမိန်း | ၁ | ဒသမ | ၉၄ | လက်မ | ပန်းတနော် | ၁ | ဒသမ | ၄၅ | လက်မ |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေ့စဉ်ရှောက်ရွက်စားသုံးပေးခြင်းဖြင့် ဆီးချိုနှင့်သွေးတိုးရောဂါကာကွယ်နိုင်



ရှောက်ရွက်သည် အိမ်ရှင်မများ၏ မီးဖိုချောင်သုံး အနေဖြင့် အဓိကဟင်းလျာမဟုတ်သော်လည်း ဖြည့်စွက်စာဖြစ်သည်။ အသုပ်စုံအမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်နှင့် နှမ်းဖတ်ချဉ်သုပ်များတွင် အနံ့မွှေးစေရန် ရှောက်ရွက်ကို ပါးပါးလှီးထည့်၍ စားသုံးလေ့ရှိကြသည်။

လတ်ဆတ်သောရှောက်ရွက်သည် မွှန်သောအနံ့ရှိသဖြင့် တိုင်းရင်းဆေးပညာအမြင်အားဖြင့်သော်လည်းကောင်း၊ အာယုဗ္ဗေဒဆေးပညာအမြင်အားဖြင့်သော်လည်းကောင်း အာကာသဓာတ်ရှိသည်ဟုဆိုသည်။ ပွင့်စေသောအခိုး၊ အာကာသရစေသောဓာတ်စာဖြစ်သည်။ အကြောကို လေလျှောက်စေသည်။ နှုတ်ကိုမြိန်စေသည်။ ခံတွင်းပျက်ခြင်းကိုကောင်းစေပြီး အစာကိုလည်း ကြေစေနိုင်သောအစွမ်းသတ္တိရှိသည်။

ရှောက်ရွက်ကို နေ့စဉ်အနည်းငယ်မျှစားသုံးခြင်းဖြင့် အခိုးငုပ်သောရောဂါများကို ကာကွယ်နိုင်သည်။ ရှောက်ရွက်တွင် ခါးသက်သောအရသာရှိသဖြင့် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။ ရှောက်ပင်သည် ဆူးရှိသောအပင်ဖြစ်သဖြင့် အာကာသပင်ဟု ဆေးကျမ်းများကဆိုသည်။ သွေးတိုးရောဂါရှိသူများသည် အာကာသပင်၏ အရွက်၊ အညွန့်၊ အသီးများကို စားသုံးပေးလျှင် သွေးတိုးကြောင့်ဖြစ်သော လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းများကို ကာကွယ်နိုင်သည်။

ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါတို့သည် ညီနောင်ရောဂါများဖြစ်သည်ဟု ဆရာဝန်ကြီးများက ပြောကြသည်။ ထိုရောဂါများသည် တစ်ခုဖြစ်ပြီး နှစ်ကြာလျှင် နောက်တစ်ခု ဆက်၍ဖြစ်လာတတ်သည်။ ထိုရောဂါများသည် နာတာရှည်ရောဂါများဖြစ်သောကြောင့် ငွေကုန်ကြေးကျများလှသည်။

သွေးတိုးရောဂါကို ရှေးတိုင်းရင်းဆေးဆရာကြီးများက လေမသက်၍ဖြစ်သော လေတိုးရောဂါဟုလည်း သတ်မှတ်ကြသည်။ ယင်းရောဂါအတွက် ဓာတ်စာမှာ ရှောက်ရွက်ဟင်းချိုဖြစ်သည်။ ရေနွေးဆူဆူတွင် ကြက်သွန်ဖြူခုနစ်မြွာခန့်နှင့် ကြက်သွန်နီဥကြီးတစ်ဥကို ထောင်းထည့်ပါ။ ချင်းလက်တစ်ဆစ်ခန့်ကိုလည်း ဓားပြားရိုက်ပြီး ထုထောင်းထည့်ပါ။

ထိုဟင်းချိုရည်ကို ကြွေပန်းကန်လုံးတစ်လုံးတွင် ထည့်ပြီးသောအခါ ရှောက်ရွက်ခုနစ်ရွက်ခန့်ကို ပါးပါးညှပ်ထည့်ပါ။ ဆားအနည်းငယ်နှင့် ပုစွန်ခြောက်အနည်းငယ်ထည့်လျှင် ပို၍အရသာရှိသောဟင်းချိုတစ်ခွက်ရနိုင်သည်။

ရှောက်ရွက်ဟင်းချိုပြုလုပ်ရန် အလွန်လွယ်ကူသဖြင့် နေ့စဉ် သို့မဟုတ် တစ်ပတ်လျှင် သုံးရက်ခန့် သောက်သုံးပေးလျှင် ဆီးချိုနှင့် သွေးတိုးရောဂါကို ကာကွယ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

# နံနက်အိပ်ရာထ ပျားရည်တစ်ဇွန်းသောက်ခြင်းဖြင့် အဆီကျပိန်စေနိုင်



ပျားရည်ကို ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် လူသားတို့သုံးစွဲခဲ့ကြပြီး ဆေးဖက်ဝင်အသက်ရှည်ဆေးအဖြစ် သုံးစွဲခဲ့ကြသည်။ မြတ်စွာဘုရား လက်ထက်တော်ကပင် နာမကျန်းသူ၊ အသက်ဝါကြီးသူ ရဟန်းတော်များ အားဆေးအဖြစ် စတုမဓု ဖော်စပ်သုံးစွဲခဲ့ကြသည်။

ထိုစတုမဓုတွင် ပျားရည်၊ သကာရည်၊ တင်လဲရည်နှင့် ထောပတ်တို့ပါဝင်သည်။ တချို့ကလည်း တင်လဲရည်အစား နှမ်းဆီထည့်ပြီး ဖော်စပ်သုံးစွဲခဲ့ကြသည်။

ပျားရည်သည် အနာကျက်စေနိုင်သောသတ္တိရှိသဖြင့် ဒဏ်ရာများကို ပျားရည်ထည့်ပြီး ပတ်တီးစည်းပေးပါက နောက်တစ်နေ့နံနက် ပတ်တီးဖြေလိုက်သောအခါ အနာကျက်နေကြောင်း တွေ့ရသည်။

ရှေးနှစ်ပေါင်း ၁၀၀ ကျော်က သက္ကတဘာသာဖြင့် ရေးသားခဲ့သော ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းကြီးကို ဘင်္ဂလားဆရာတော်ကြီးက ဘာသာပြန်ဆိုခဲ့သည်။ ထိုဆေးကျမ်းတွင် ပျားရည်၏အသုံးဝင်ပုံအမျိုးမျိုး ပါရှိရာ ထူးခြားသောအသုံးပြုနည်းတစ်မျိုးမှာ ပိန်ဆေးအဖြစ်သုံးစွဲခြင်းဖြစ်သည်။

ပျားရည်ကို နံနက်အိပ်ရာထချိန်တွင် ရေအေးနှင့်ရောစပ်သောက်ခြင်းဖြင့် ပိန်သောခန္ဓာကိုယ်ဖြစ်စေနိုင်သည်ဟုဆိုသည် ။ နှစ်လ၊ သုံးလ စွဲမြဲသောက်ရန်လိုသည်။

လူ ၁၀ ဦးကို ဤနည်းဖြင့် စမ်းသပ်သောက်စေခဲ့ရာ ကိုလက်စထရော ထိုက်သင့်သလောက်ကျသည့်အပြင် အသားအရေလည်း လှပစိုပြည်လာသည်။

လူတစ်ဦးသည် အဆီကျပိန်ချင်ဇောဖြင့် နံနက်အိပ်ရာထတိုင်း ပျားရည်သုံးဇွန်းကို ရေအေးနှင့်ရော၍ သောက်ခဲ့ရာ ရက်သတ္တပတ်ခန့်အကြာတွင် တစ်ကိုယ်လုံး မိတ်ကဲ့သို့ အပူဖုများထွက်လာသဖြင့် ဆက်မသောက်ရဲဖြစ်ခဲ့ရသည်။ သတိပြုရန်မှာ တန်ဆေး၊ လွန်ဘေးဖြစ်သည်။

နည်းလမ်းအမှန်မှာ နံနက်အိပ်ရာထချိန် မျက်နှာသစ်၊ သွားတိုက်ပြီးသည်နှင့် ပျားရည်ဟင်းစားဇွန်း တစ်ဇွန်းခန့်ကို ရေတစ်ဖန်ခွက်တွင်ထည့်၍ ပျော်ဝင်အောင် ဇွန်းဖြင့်မွှေပြီး ကုန်အောင်သောက်ရန်ဖြစ်သည်။

ပျားရည်သည် အပူဓာတ်၊ ကြေညက်စေသောဓာတ်ဖြစ်သဖြင့် များများမသောက်သင့်ပေ။ ခန္ဓာကိုယ်အဆီကျပိန်စေရန်အတွက် သဘာဝပျားရည်က ပို၍အာနိသင်ရှိသည်။ ပျားရည်အသစ်ဖြစ်လျှင် ပို၍အဆီကျစေနိုင်သည်။

ထို့ကြောင့် ပျားရည်သည် တန်ဖိုးကြီးပြီး ဘေးထွက်ဆိုးကျိုးရှိသော အနောက်တိုင်းဆေးများနေရာတွင် အစားထိုးသုံးစွဲခြင်းဖြင့် ငွေကုန်ကြေးကျမများစေဘဲ အဆီကျပိန်စေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

# သာကေတမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ရရှိစေရန်၊ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် ငှားရမ်းပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စက်တင်ဘာလ ၁၅ ရက်တွင် သာကေတမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက စာဖတ်ခြင်းအကျိုးကျေးဇူးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာပေများ ဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးသည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံးများသို့ အလှည့်ကျသွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သဲထက်ဇင်(ပြန်/ဆက်)

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ပုဂံ စက်တင်ဘာ ၁၅

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ညောင်ဦးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်တင့်တင့်အောင်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေများ၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း ဆက်စပ်သက်ရောက်မှုများ၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းနိုင်မည့်နည်းလမ်းများ စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ကြကြောင်းသိရသည်။

ဒီပါလင်း

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော



ဇလွန် စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်း ကွမ်းမန်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိဒေါ်မေဒီလွင်က ကျောင်းသား၊ ကျောင်းသူများ အားကစားကိုစိတ်ပါဝင်စားလာစေရန် အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးက ကျောင်းဈေးတန်းနှင့် ပြင်ပဈေးဆိုင်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စားသုံးရန်မသင့်သော အစားအစာများကို စားသုံးခြင်းဖြင့်ရရှိလာမည့် ဆိုးကျိုးများကိုလည်းကောင်း အသီးသီးအသိပညာပေးဟောပြောကြသည်။

ထို့နောက် ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်းသိရသည်။ **ဝေယံ-ဇလွန်(ပြန်/ဆက်)**

# ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးရောင်းချ

ပွင့်ဖြူ စက်တင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးတောင်သူများကို မိုးစပါးသီးနှံစိုက်ပျိုးရာသီအတွက် လိုအပ်သော စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေသြဇာများကို စိုက်ပျိုးချိန်အမီဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲခွင့်ရရှိစေရန်နှင့် မိုးစပါးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိစေရန် ရည်ရွယ်၍ ဓာတ်မြေသြဇာအိတ်များကို သီးနှံပေါ်ပေးစနစ်ဖြင့် စက်တင်ဘာလ ၁၄ ရက်တွင် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေသြဇာဖြန့်ဖြူးရေးလုပ်ငန်းအဖွဲ့မှ ဦးဆောင်၍ ကျေးရွာပေါင်း ၁၄ ရွာမှ မိုးစပါးစိုက်ပျိုးတောင်သူများကို ယူရီးယားဓာတ်မြေသြဇာ ၁၄၃၃ အိတ်၊ ကျေးရွာပေါင်းကိုးရွာမှ တောင်သူများအတွက် ကွန်ပေါင်းဓာတ်မြေသြဇာ ၇၅၀ အိတ်တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။

ကျန်ရှိသည့်ကျေးရွာများမှ ဓာတ်မြေသြဇာအိတ်ဝယ်ယူသုံးစွဲလိုသော မိုးစပါးစိုက်ပျိုးတောင်သူများကို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# ကျေးရွာတွင်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ

ညောင်လေးပင် စက်တင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကန်(အနောက်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက လမ်းအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်းလမ်းသည် အရှည် ၂၈၇၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ဂဝံခင်းခြင်းလုပ်ငန်းကို စီမံကိန်းအတိုးရငွေကျပ်သိန်း ၂၄၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဦးစီးဌာနအင်ဂျင်နီယာဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ထိန်းသိမ်းကြပါ အိုဇုန်းလွှာ

❖ ကမ္ဘာ့လေထု အတွင်းမှာ
တည်ရှိနေတဲ့ အိုဇုန်းလွှာ၊
ပေါက်ပြဲကာ ပျက်စီးမှု
နည်းပါးစေအောင် ထိန်းသိမ်းပြု။

❖ အိုဇုန်းလွှာထု ပေါက်ပြဲတာ
မထိန်းသိမ်းလျှင် ပျက်စီးလာ၊
နေရောင်ခြည်မှာ ပါဝင်သည့်
ခရမ်းလွန်ရောင်ခြည် ကျမည်တည့်။

❖ ခရမ်းလွန်၏ ရောင်ခြည်ဖြာ
လွန်လွန်ကဲကဲ ကြုံသောခါ၊
အရေပြားကင်ဆာ သာမက
မျက်စိအတွင်း တိမ်ဖြစ်ရ။

❖ ကမ္ဘာလောက သက်ရှိတွေ
မျိုးသုဉ်းရမည့် ဒုက္ခမွေ၊
ကမ္ဘာမြေကြီး ပူနွေးလို့
သဘာဝဘေး ကြုံမည်မို့။

❖ လူတိုင်းတွေးလို့ စောင့်ရှောက်ပါ
အကျိုးပြုတဲ့ အိုဇုန်းလွှာ၊
ပေါက်ပြဲကာ မပျက်စီးရေး
ထိန်းသိမ်းကြစို့လေး။ ။

**အင်ကြင်းသူ(နေပြည်တော်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၆-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၃။ | ၁၀:၀၀ | စိုက်ပျိုးသုတ |
| ၄။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၅။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၆။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၇။ | ၁၇:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၈။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၅)** |

## MWD Variety Channel
၁၆-၉-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စကားလက်ဆုံ |
| ၂။ | ၁၀:၃၅ | ကျန်းမာသောဘဝ |
| ၃။ | ၁၁:၃၀ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၄။ | ၁၂:၂၅ | ဥပဒေမှတ်စု |
| ၅။ | ၁၅:၄၀ | ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော် |
| ၆။ | ၁၆:၃၀ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |

# မြို့သစ်မြို့နယ်အတွင်း မိုးစပါးနှင့်မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး

မြို့သစ် စက်တင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ယင်းနားကုန်းကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် အောင်စည်တော် စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသားများ၏ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုအခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက စက်တင်ဘာလ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ်အတွင်း သက်တံရောင်စီမံကိန်းဖြင့် မိုးစပါးစိုက်ကေ ၁၈၀ အတွက် တစ်ကေလျှင် ၃၀၄၅၀၀ နှုန်းဖြင့် ပံ့ပိုးပေးထားသော ယင်းနားကုန်းကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား ဦးထွန်းအေး၏မိုးစပါး(အောင်နိုင်တိုး)စိုက်ပျိုးထားသော စိုက်ကွက်သို့ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ယင်းနောက် အသင်းသားများနှင့်တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကာလအလိုက် သုံးစွဲရမည့် သွင်းအားစုများအား အချိန်မီသုံးစွဲရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရေး ကြိုတင်သတိပြုဆောင်ရွက်ရန်နှင့် သက်တံရောင်စီမံကိန်းဖြင့် ပံ့ပိုးပေးထားသောရန်ပုံငွေများအား သတ်မှတ်စည်းကမ်းချက်နှင့်အညီ သုံးစွဲဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့သစ်မြို့နယ်သမဝါယမအသင်းစုမှ အထွက်တိုးမျိုးများ ဖြန့်ဖြူးပေးထားသော အောင်စည်တော် စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်း၏ မိုးနှောင်းဝါစိုက်ကေ ၄၀၀ အနက် အသင်းသား ဦးမောင်စိုး၏ TBL195 မိုးနှောင်းဝါစိုက်ခင်းကိုကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မြို့သစ်မြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် မိုးစပါးကေ ၂၄၀၀ နှင့် မိုးနှောင်းဝါကေ ၃၅၀၀ တို့ကို သမဝါယမကဏ္ဍမှ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ဖြန့်ဖြူးပေးအပ်



ကန်ကြီးထောင့် စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်အကျုံးမဝင်သည့် တောင်သူများအား သွင်းအားစုများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်တွင် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် ယူရီးယားဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ယခုဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်တောင်သူများ သက်သာသောဈေးနှုန်းဖြင့် သွင်းအားစုများ သုံးစွဲနိုင်ရေး၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန်နှင့် တောင်သူများ အဓိကလိုအပ်သော သွင်းအားစုနှင့်မျိုးကောင်းမျိုးသန့်များရရှိရေး၊ မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧကလျှင် တင်း ၁၀၀ ပြည့်မီစေရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေးတို့အတွက်ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ယူရီးယားဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာနှင့်ကွန်ပေါင်းဓာတ်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

သံတောင်ကြီး စက်တင်ဘာ ၁၅

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် သံတောင်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လိုအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်လော်မူက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နော်နီလာအေးက စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ထိခိုက်ဆုံးရှုံးခြင်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နော်နော်မူ**

# ဒေးဒရဲမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ဒေးဒရဲ စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် မိုးရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိကာကွယ်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် သင်တန်းများကျင်းပပေးနေမှုကို ရှင်းလင်းဆွေးနွေးပြီးနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လွင်လွင်အောင်က မိုးရာသီကာလတွင် မုန်တိုင်းဘေး၊ လေပြင်းဘေးနှင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပွားလာပါက ကြိုတင်သတိပြုရှောင်ရှားရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် မြန်မာစာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။



**အေဇာလင်း**

# တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေ တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေ

**ညိုမောင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ရှစ်ရက်တာကာလမျှသွားရောက်ခဲ့သည်။





ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အပါအဝင် တက်ရောက်လာသည့်အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခြင်းများကို အမိနိုင်ငံတော်ကိုယ်စားပြု၍ နိုင်ငံတကာစင်မြင့်ထက်တွင် ဂုဏ်သိက္ခာကြီးမားစွာ ပါဝင်တက်ရောက်ခဲ့သည်။ ထို့ပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲများ ဆောင်ရွက်ခြင်း၊ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးခြင်း၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများသို့သွားရောက်လေ့လာခြင်းများကို နေ့မအားညမအားအားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်များမှာ အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောခြေလှမ်းများပင်ဖြစ်သည်။

ထို့နည်းတူပင် အလုပ်သဘောခရီးစဉ်၏ နောက်ဆုံးအစီအစဉ်ဖြစ်သည့် တတိယပိုင်းတွင်လည်း ဟာပင်းမြို့နှင့်ချန်ဒူးမြို့ရှိ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာခြင်း၊ ပြည်နယ်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံပွဲများ ဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက် ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ဟာပင်းမြို့ Taiping International Airport မှ တစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ဆိုက်ရောက်ကြသည်။ ၎င်းလေဆိပ်မှာ တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိ အကြီးဆုံးလေဆိပ်ကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ လေဆိပ်တွင် စီချွမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့်အဖွဲ့ဝင်များက အသင့်စောင့်ကြိုနေလျက် နွေးထွေးလှိုက်လှဲစွာ နှုတ်ဆက်ကြသည်။



လျှပ်မြန်သောအရှိန်အဟုန်ဖြင့် တရိပ်ရိပ်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချန်ဒူးမြို့ကြီးသည်ပင် သူ့ထံသို့ ငါးကြိမ်မြောက်ရောက်ရှိလာသော အဆွေတော်နိုင်ငံတော်အကြီးအကဲအား ချစ်ခင်လေးမြတ်စွာ ဆီးကြိုနေဘိသို့။

ချန်ဒူးမြို့သည် စီချွမ်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ စီချွမ်ပြည်နယ် အလယ်ပိုင်းဒေသအတွင်း အနိမ့်ပိုင်းမြေပြင်တွင်တည်ရှိနေခြင်းဖြစ်သည်။ လူဦးရေ ၁ ဒသမ ၆ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးတွင် ဗဟိုချက်ကျသည်နှင့်အညီ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ရာသီဥတုမှာ အပူချိန်နည်း၍ သင့်တင့်မျှတသည်။ နေ၍ထိုင်၍ကောင်းသည်။ အစားအသောက်ကောင်းသော၊ နေချင်စဖွယ်ဖြစ်သောမြို့အဖြစ် သတင်းကောင်းများနှင့်ကျော်ကြားသည်၊ ချန်ဒူးမြေအောက်မီးရထားစနစ်ကို (Metro system)ကို အသုံးပြုနိုင်သောကြောင့် သွားရေးလာရေးလွယ်ကူသည်၊ နွေရာသီမှာပင် အပူချိန်မြင့်မားလွန်းခြင်းမရှိသဖြင့် အပန်းဖြေအနားယူလိုသူများ၊ ကမ္ဘာလှည့်ခရီးသွားများဖြင့်လည်း စည်ကားလျက်ရှိသည်။ နှစ်ပေါင်း ၂၃၀၀ ကျော်မျှ သမိုင်းကြောင်းရှည်ကြာမှုရှိပြီး လယ်ယာနှင့်စိုက်ပျိုးရေးဇရိယာအဖြစ် ထင်ရှားကျော်ကြားခဲ့သော ချန်ဒူးမြို့မှာ အခြားသော စိတ်ဝင်စားဖွယ်ရာများနှင့်လည်း ပြည့်နှက်လို့နေသည်။

ချန်ဒူးပန်ဒါထိန်းသိမ်းရေးဌာန (Chengdu Research Base of Giant Panda Breeding)၊ တရုတ်နိုင်ငံ၏ ခေတ်ဟောင်းခေတ်သစ်ယဉ်ကျေးမှုများကို ယှဉ်တွဲတွေ့မြင်နိုင်မည့် Jinli Ancient Street၊ သုံးဘုရင်ခေတ်၏ ဗိသုကာကြီး Zhuge Liang ကို ဂုဏ်ပြုဖော်ညွှန်းထားသည့်နေရာ Wuhou Shrine၊ ပြီးပြည့်စုံသည့် သဘာဝအလှတရားများကို ခံစားရနိုင်မည့် Mount Qingcheng၊ တရုတ်ကဗျာဆရာကြီး Du Fu နေထိုင်ခဲ့သည့် Du Fu Thatched Cottage၊ ချန်ဒူးအနုပညာပြခန်းများ (Chengdu Contemporary Art Galleries) စသည်ဖြင့် ချန်ဒူးမြို့၏ အထင်ကရနေရာဌာနများမှာ မြောက်မြားစွာတည်ရှိနေသည်။

ချန်ဒူးမြို့တွင် ပြီးခဲ့သောဩဂုတ်လ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံနဂါးလှေလှော်အသင်းသည်ပြိုင်ပွဲလေးခု၌ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပြခဲ့သည်မှာ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပုံရိပ်များပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချန်ဒူးမြို့သို့ရောက်ရှိပြီးမကြာမီ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးကြပြီးသည့်နောက် နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင် လူသားချင်းစာနာထောက်ထားစွာ စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ အလျင်အမြန်စေလွှတ်ပေးခဲ့မှုအပေါ် မမေ့မလျော့ကျေးဇူးစကားဆိုသည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံများသည် အမျိုးသားအကျိုးစီးပွားကို အလေးထားဦးစားပေးဆောင်ရွက်လာကြသည်မှာ ပကတိအရှိတရားဖြစ်သည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ GDP တိုးတက်လာရေးအတွက် ပြည်တွင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။

**စာမျက်နှာ ၁၂ သို့ ⊃**

⊃ စာမျက်နှာ ၁၁ မှအဆက်

မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် နိုင်ငံ့ GDP တိုးတက်စေရေးအတွက် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံကျသော ဆောင်ရွက်မှုအဖြစ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ချန်ဒူးမြို့၏ ဒုတိယနေ့ခရီးစဉ်စက်တင်ဘာလ ၆ ရက်တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI)သို့ သွားရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံနေရန်လိုအပ်သည်။ တစ်ဖန် ထိုအဆောက်အအုံများ၏အရည်အသွေးမှာလည်း မြင့်မားကောင်းမွန်နေရန် လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းမှာ မလွဲမသွေဆောင်ရွက်နေရမည့်အရာပင်ဖြစ်သည်။

ကော်ပိုရေးရှင်းမှတာဝန်ရှိသူများက စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများ၊ နိုင်ငံတကာတွင် ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများနှင့် ငလျင်ဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် သုတေသနပြုလုပ်၍ ဒီဇိုင်းအသစ်များ ရေးဆွဲဆောက်လုပ်လျက်ရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ နိုင်ငံတော်အကြီးအကဲကလည်း အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်အရာများကို မေးခွန်းများမေး၍ စေ့ငုသည်။ စူးစမ်းသည်။ စိတ်အားထက်သန်စွာ ပြန်လည်ဆွေးနွေး၍ အပြုသဘောဆောင်သော ရလဒ်ကောင်းများကိုဆောင်ကြဉ်းသည်။

ဒေသစံတော်ချိန် နေ့လယ် ၁ နာရီတွင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲကိုကျင်းပသည်။ နေရာမှာ Shangri la ဟိုတယ်၌ဖြစ်၏။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ စုံညီစွာတက်ရောက်ကြသည်။ အသစ်အသစ်သော ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

နိုင်ငံတော်အကြီးအကဲက နှစ်ကာလကြာမြင့်စွာ ဖြစ်ထွန်းခိုင်မာလျက်ရှိသည့် နှစ်နိုင်ငံ ချစ်ကြည်ရေးသမိုင်းကြောင်းမှ အစပြု၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြင့်မားတိုးတက်လာမှုအခြေအနေများဖြင့် အမှာစကားကိုမင်္ဂလာရှိစွာစတင်၍ဆိုသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ တိုးတက်ဖြစ်ထွန်းခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသမတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသများ၏ စီးပွားရေးထိခိုက်လျက်ရှိသည်ဟု သိရသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပါက ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ် နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းများကို တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ၎င်းကုန်သွယ်ရေးလမ်းကြောင်းမှာ တရုတ်-မြန်မာနှစ်နိုင်ငံအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံသို့ ပေါင်းကူးတံတားအဖြစ် အသုံးပြုနိုင်ပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာချိတ်ဆက်မှုများလုပ်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ဆွေးနွေးမှုများမှာ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်သည်။ ထို့နည်းတူ အခြားတစ်ဖက်သို့လည်း အခွင့်အလမ်းများကို လမ်းဖွင့်ပေးခြင်းဖြင့် သိမ်မွေ့သောသံတမန်စွမ်းရည်နှင့် ကျယ်ပြန့်သော စီးပွားရေးအမြင်တို့ ပေါင်းစပ်နေသည်ကို တွေ့မြင်နိုင်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် ရှည်လျားသည့်နယ်နိမိတ်များ ထိစပ်လျက်ရှိသည့်အတွက် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှပါဝင်နေသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဂိတ်စုစုပေါင်း ရှစ်ခုရှိသည်။ လက်ရှိအခြေအနေတွင် နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်ရှစ်ခုအနက် မူဆယ်-ရွှေလီနယ်စပ်ဂိတ်တစ်ခုသာဖွင့်လှစ်ထားနိုင်သည်။ ကျန်နယ်စပ်ဂိတ်ခုနစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ထိခိုက်ခဲ့ရသည်။ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေး ပြန်လည်စတင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ချန်ဒူးမြို့တို့အကြား၊ ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာများ၊ ရန်ကုန် - ချန်ဒူးခရီးသည်တင်လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပါအဝင် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ ရေနက်ဆိပ်ကမ်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးစသည်ဖြင့် ကျယ်ပြန့်သော အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ဆွေးနွေးသည်။

ထိုသို့ စီးပွားရေးဆိုင်ရာ အခင်းအကျင်းများနှင့် အခွင့်အလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးသည်နှင့် နှစ်ကာလကြာမြင့်စွာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြင့် အေးအတူပူအမျှနေထိုင်လာကြသည့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ယုံယုံကြည်ကြည် ရဲရဲတင်းတင်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် နိုင်ငံတော်အကြီးအကဲကဖိတ်ခေါ်ခြင်းပြုသည်။




မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေထူထပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားတွင် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့၏ ဆုံစည်းရာဗဟိုချက်ဖြစ်သည်။ ပထဝီနိုင်ငံရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်သည်။ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးကို ဦးစွာကြိုးပမ်းဆောင်ရွက်ပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် နိုင်ငံအချင်းချင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဆိုလျှင် နိုင်ငံ့စီးပွားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမှာ မလွဲမသွေမြင့်မားတိုးတက်လာမည်မှာ ဧကန်ဖြစ်သည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ တုံ့ပြန်ဆွေးနွေးမှုများကလည်း အားတက်ဖွယ်ဖြစ်သည်။ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေခြင်းဆိုသည်မှာ အရှည်သဖြင့် အလွန်ကောင်းမွန်သောမျှခြေတစ်ခုပင်ဖြစ်သည်။ Shangri la ဟိုတယ်၏ အောင်မြင်သော တွေ့ဆုံမှုအပြီးတွင် အချိန်မှာ မွန်းလွဲပိုင်းသို့ပင် ရောက်ရှိခဲ့လေပြီ။ နိုင်ငံတော်အကြီးအကဲ၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ အပိုင်းသုံးပိုင်းစလုံး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။

ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းသည် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းသစ်များနှင့်အတူ ပေါ်ထွက်လာသည့် အခြေအနေဖြစ်ပြီး မိမိတို့အနေဖြင့် ထိုအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန် လိုအပ်သည်။ မိမိတို့နိုင်ငံကို မိမိတို့အင်အားဖြင့်သာ အဓိကတည်ဆောက်ကြရခြင်းဖြစ်ပြီး ပြင်ပမှလာသည့် အခွင့်အလမ်းများ၊ အထောက်အကူများဖြင့်လည်း အရှိန်အဟုန်မြင့်မားအောင် မြှင့်တင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရေကိုသား၍ အကြားမထင်သည့်ပမာ ပေါင်းစည်းညီညွတ်သောအင်အားဖြင့် ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းတွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာရပ်တည်နိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာရာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ဆိုက်ရောက်သည်။

လေဆိပ်တွင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်နေကြပုံမှာ များစွာ ရွှင်လန်းအားရဖွယ်ဖြစ်သည်။ နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း၊ ခရီးစဉ်အတွင်းလှုပ်ရှားဆောင်ရွက်မှုရုပ်ပုံများကို အမြတ်တနိုးကိုင်ဆောင်၍လည်းကောင်း၊ ကြွေးကြော်သံများကို သံပြိုင်ညီညီဟစ်ကြွေး၍လည်းကောင်း စည်းလုံးညီညွတ်စွာ ကြိုဆိုအားပေးနေကြပုံမှာ အမိနိုင်ငံတော်အတွက်စိတ်ခွန်အားနိုးကြားတက်ကြွဖွယ်လည်းဖြစ်သည်။

အနှစ်ချုပ်၍ဆိုရပါလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ အမိနိုင်ငံတော်အတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များမှာ တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေရန် တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေသည့် အကျိုးကျေးဇူးများကို ရာနှုန်းပြည့်ဖော်ဆောင်နိုင်ခဲ့သော ခရီးစဉ်တစ်ခုပင်ဖြစ်ပါကြောင်း စာကမ္ပည်းရေးထိုးလိုက်ရပါသည်။ ။

# နေပြည်တော် - တပ်ကုန်းမြို့ရှိ မဟာဇနကကျောင်းတိုက်ဓမ္မာရုံပြင်ဆင်နေမှု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ကွန်ကရစ်လမ်းများပြင်ဆင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် နေပြည်တော် - တပ်ကုန်းမြို့ရှိမဟာဇနကကျောင်းတိုက်တွင် မြေငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဓမ္မာရုံပြင်ဆင်နေမှုနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကွန်ကရစ်လမ်းများပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများအား တွေ့ဆုံသည်။



ဦးစွာ မဟာဇနကကျောင်းတိုက်တွင် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဓမ္မာရုံ မျက်နှာကြက်နှင့် နံရံကြွေပြားများ ပြန်လည်တပ်ဆင်ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် မြို့နယ်သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏာရပဟာအားဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။


ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကွန်ကရစ်လမ်းပိုင်းများ ပျက်စီးချို့ယွင်းမှုအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ နိုင်ငံတကာသတင်းဘာသာပြန်အဖွဲ့နှင့် သတင်းဖတ်ကြားသူများအား တွေ့ဆုံပြီး သတင်းထုတ်ပြန်ရာတွင် သတိပြုရမည့်အချက်များကို ဆွေးနွေးမှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Auditorium ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိကျမှန်ကန်သောသတင်းမှန်များဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးရန်၊ သတင်းတု သတင်းမှားများအား အမြန်စိစစ်ဖော်ထုတ်၍ သတင်းအချက်အလက်မှန်ကန်ပြည့်စုံစွာ လျင်မြန်စွာရှင်းလင်းထုတ်လွှင့်ပေးရန်၊ စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတအနုပညာရှင်များ၏ စွမ်းအားဖြင့် ဟန်ချက်ညီပေါင်းစပ်၍ ပြည်သူတို့၏ ပျော်ရွှင်သော လူနေမှုဘဝကို ဖော်ဆောင်ပေးရန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ပြီးမြောက်စေရန်အတွက် အကြိုကာလ၊ ကျင်းပစဉ်ကာလနှင့် ကျင်းပပြီးကာလတို့တွင် နိုင်ငံတော်မီဒီယာမှ ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအလိုက် တက်ကြွစွာကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ၊ သဘာဝမြေဆွေး ပြုလုပ်ခြင်းသရုပ်ပြပွဲနှင့် သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် လေသာ-ဇီးကုန်း ကျေးရွာချင်းဆက်လမ်းဘေးဝဲယာ၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုမှန်ကန်စေရေးအတွက် မဟော်ဂနီ၊ ကျွန်း၊ ခရေ၊ စိန်ပန်း၊ ဆီသပြေ၊ မဲဇလီ စသည့်ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပျိုးပင်များရှင်သန်ဖြစ်ထွန်းရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာရှေ့ ကျောက်ရောမြေသားလမ်းခင်းနေမှုနှင့် လမ်းဘေးဝဲယာရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုဗ္ဗသီရိမြို့နယ်ဘဲကုန်းကျေးရွာယာယီရှင်းလင်းဆောင်၌ ကျင်းပသည့် သဘာဝမြေဆွေးပြုလုပ်ခြင်းသရုပ်ပြပွဲနှင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးက သဘာဝမြေဩဇာပြုလုပ်ပုံ၊ ပြုလုပ်နည်းနှင့် နည်းစနစ်တကျအသုံးပြုနည်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်နေပြည်တော်ကောင်စီဝင်များက တောင်သူများထံ သွင်းအားစုဓာတ်မြေဩဇာနှင့် နေကြာမျိုးစေ့များပေးအပ်ကာ နွမ်းရိုး၊ မြေပဲရိုး၊ ဖွဲနု၊ နွားချေး၊ EM(သက်ရှိအဏုဇီဝပိုး)တို့ဖြင့် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုနှင့်သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး ရာဇသင်္ဂဟလမ်း လမ်းဘေးပလက်ဖောင်းများပြန်လည်ပြုပြင်နေမှုနှင့် လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


အောင်သူရဦး(ဒက္ခိဏ)

# ကျိုင်းတောင်းမြို့နယ်၊ နောင်ခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့နယ်၊ နောင်ခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၈ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ကသာခရိုင် ကသာမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စုပေါင်းမြေသြဇာကြဲပက်



ကသာ စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စုပေါင်းမြေသြဇာကြဲပက်ပွဲကို ကျွန်တောကျေးရွာ ဦးပိုင်အမှတ်(၁) ကွင်းအမှတ် (၇၁၅)ရှိ တောင်သူဦးထွန်းမြင့် စိုက်ပျိုးထားသော အောင်နိုင်တိုးစပါးခင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းမြေသြဇာကြဲပက်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်းက ဒေသခံတောင်သူများအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်ပုံကို လက်တွေ့ပြသသည်။

ဆက်လက်၍ Leaf Colour Card(LCC) အရွက်အရောင်တိုင်းကတ်များဖြင့် စပါးခင်းမှ စပါးရွက်အရောင်များကို နှိုင်းယှဉ်ပြသပြီး အချိုးကျရောစပ်ထားသည့် မြေသြဇာများအား တောင်သူဦးထွန်းမြင့်၏ အောင်နိုင်တိုးစပါးမျိုးစိုက်ခင်းအတွင်း စုပေါင်းမြေသြဇာကြဲပက်ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်စွာ(ကသာ)

# ပွင့်ဖြူမြို့နယ်၌ ရေဆိုးထုတ်မြောင်း Box Culvert ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ပွင့်ဖြူ စက်တင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလတွင် ရေကြီးရေလျှံမှု ကင်းဝေးစေရန်နှင့် မြို့ပြသန့်ရှင်းသာယာလှပစေရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဌာန၏ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ရေဆိုးထုတ်မြောင်း Box Culvert ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်လျက်ရှိရာ စက်တင်ဘာလ ၁၅ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များက ရေဆိုးထုတ်မြောင်း Box Culvert ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွန်ကရစ်တံတားနှစ်စင်းမှာ အရှည် ၁၆ ပေ ၊ အကျယ် ၆ ပေ ၊ အမြင့် ၄ ပေ ၉ လက်မစီရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဌာန၏ငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၁၀၆ သိန်းဖြင့် ယခုနှစ် ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့ရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ ယင်းရေဆိုးထုတ်မြောင်း Box Culvert ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ပြီးစီးပါက မိုးရာသီကာလတွင် ရေကြီးရေလျှံမှုမှ ကင်းဝေးစေမည်ဖြစ်ကာ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကျိုက်လတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကျိုက်လတ် စက်တင်ဘာ ၁၅


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစ်ဖျားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့်ရည်ရွယ်ချက်များနှင့် မြို့နယ်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်မိုးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး အခြေခံပညာကျောင်းများအလိုက်နှင့် မြို့နယ်အဆင့် ရေးဆွဲထားသည့် အောင်ချက်မြင့်မားရေး စီမံချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အထက်တန်းပြ ဆရာ၊ ဆရာမများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)




# စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်

စစ်ကိုင်း စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်နှင့်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်တွင် ဆင်တပ်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွယ်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သောအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချစေလိုကြောင်း၊ မိမိတို့တတ်မြောက်ထားသောပညာရပ်များဖြင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲရှိပါက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေအကူအညီရယူနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးအောင်ကိုကိုဝင်းက သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သန်းလွင်(မကွေး)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ စိုက်ခင်းများ တည်ထောင်ဆောင်ရွက်ထားမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဥတ္တရသီရိမြို့နယ် တောင်ညိုကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီးမိုင်တိုင် ၂၂၂/၅ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထားသော အပင်များ ဆက်လက်ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မိုင်တိုင် ၂၃၃/၂ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက တည်ထောင်စိုက်ပျိုးရန် မြေနေရာရှင်းလင်းနေမှုကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် အထက်ဆင်သေကြိုးဝိုင်းအတွင်း အမြန်လမ်းမကြီး မိုင်တိုင် ၂၄၀ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်း မိုင်တိုင် ၂၂၆/၁ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၀ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း၊ ငလိုက်ကြိုးဝိုင်းအတွင်း မိုင်တိုင် ၂၂၂/၅ ရှိ တစ်အုပ်တစ်မစိုက်ခင်း ၁၅ ဧက စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ဘေးဝဲ/ယာအပါအဝင် အာဆီယံကားလမ်းဘေးဝဲ/ယာနှင့် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ ကားလမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်စေရေးအတွက် ကားလမ်းဘေးဝဲ/ယာတွင် တောအုပ်ငယ်များအသွင် ဖြစ်စေရန် တစ်အုပ်တစ်မစိုက်ပျိုးခြင်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီတွင် တစ်အုပ်တစ်မစိုက်ခင်း ၁၂၂ ဧက အပင် ၁၈၃၀၀ ကို စိုက်ပျိုးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အမြန်လမ်းမကြီး ဘေးဝဲ/ယာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းအပါအဝင် မြေနေရာ ၁၆၅ ဧကတွင် အပင် ၁၉၄၂၀၀ ကို ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများမှ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပညာသည်သာလျှင် စစ်မှန်သည့်တန်ဖိုးဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် မိမိအတွက်၊ မိသားစုအတွက်၊ လူမျိုးအတွက်၊ နိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်ကြီးများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန်လိုအပ်ကြောင်း၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို တစ်ထောင့်တစ်နေရာမှ ထမ်းဆောင်ကြမည့်သူများဖြစ်ရာ ဘက်စုံထူးချွန်သည့် လူတော်လူကောင်းများဖြစ်ရေး၊ နောင်အနာဂတ်တွင် အမိနိုင်ငံတော်၏ ဂုဏ်ကိုဆောင်နိုင်မည့် သားကောင်း၊ သမီးကောင်းများဖြစ်စေရေး ဆက်လက်အားထုတ်ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၅ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး ၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၃၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၉ ဦးတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ၅ ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ကော်မရှင်ရုံးခွဲ(မန္တလေး)၌ ဝန်ထမ်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး တွေ့ဆုံ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ(မန္တလေး)သို့သွားရောက်၍ ကော်မရှင်ရုံးခွဲအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ရုံးခွဲ (မန္တလေး) အနေဖြင့်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်များနှင့် စက်မှုလက်မှုသိပ္ပံ/အထက်တန်းကျောင်း ၃၅ ခုတို့တွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်နှင့် လူငယ်စကားဝိုင်းများကို လျာထားကျင်းပလျက်ရှိရာ ထိရောက်အောင်မြင်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကို အထူးမှာကြားလိုသည်မှာ မကြာခင်ကာလ၌ ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် မပျက်မကွက်ဆန္ဒမဲပေးကြရန်၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ဝန်ထမ်းများ နားလည်သိရှိထားရန် လိုအပ်ကြောင်းနှင့် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ကြရန် မှာကြားကာ ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိဝန်ထမ်းများအတွက် ကြက်ဥ၊ စားသုံးဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ရုံးခွဲတာဝန်ခံက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌသည် ရုံးခွဲအဆောက်အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာထိခိုက်ပျက်စီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်ရုံးခွဲ(မန္တလေး)မြေနေရာနှင့်ကပ်လျက်တစ်ဆက်တည်းရှိသော စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းရယူမည့်မြေနေရာကို လည်းကောင်း၊ ကော်မရှင်ရုံးခွဲဝန်ထမ်းအိမ်ရာကိုလည်းကောင်း၊ ဝန်ထမ်းမိသားစုများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်းကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

❖ **ရှေ့ဖုံးမှအဆက်**

ဂေဟဗေဒဆိုင်ရာပြခန်းနှင့် လုပ်ငန်းများ ပြခန်းတို့တွင် ခင်းကျင်းပြသထားသော ၁၉၀၂ ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် ထင်ရှားသောရှေးဟောင်းစက်မှုပစ္စည်းများ၊ ယခုခေတ်ကာလအထိ စက်မှုလုပ်ငန်း တိုးတက်မှုအဆင့်ဆင့်အခြေအနေများ၊ ခေတ်အဆက်ဆက် လျိုကျိုးမြို့ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှု သမိုင်းကြောင်းဓာတ်ပုံများနှင့် အခြားပြခန်းတို့ကိုရှင်းလင်းပြသရာ နိုင်ငံတော် ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လျိုကျိုးမြို့ရှိ SAIC GM-Wuling Auto Co., Ltd. ၏ ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြရာ ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာက ဝူလင်မော်တော် ယာဉ်ထုတ်လုပ်ရေးစက်ရုံ၏သမိုင်းကြောင်း၊ နှစ်အလိုက်ထုတ်လုပ်လျက်ရှိသည့် ကား အမျိုးအစားများ၊ ထုတ်လုပ်ပြီးကားများအား ဈေးကွက်အတွင်းရောင်းချပေးနေမှု၊ ၂၀၁၇ ခုနှစ်မှစတင်၍ EV မော်တော်ယာဉ်များ စတင်ထုတ်လုပ်နေမှုများ၊ AI Operations Center နှင့် ထုတ်လုပ်ထားသည့် မော်တော် ယာဉ်များ၏ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။

(၁၀၀)

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဖွင့်





နေပြည်တော်   စက်တင်ဘာ   ၁၅

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်း အမှတ်စဉ်(၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာ ပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံတော်၏စီမံအုပ်ချုပ်မှု ယန္တရားအတွင်း ဦးဆောင်သူအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေရသော အဆင့်မြင့် အရာရှိကြီးများအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့အဖွဲ့အစည်း၏ ရည်မှန်းချက်ကို ပျက်ပြားစေမည့် အတားအဆီး၊ ဆူးငြောင့် ခလုတ်များကို သတိပြုဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှား၊ အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို မှန်ကန်စွာ ခွဲခြား စိစစ်ကာ လုပ်ဖော်ကိုင်ဖက်များကို ရင်ဆိုင် ဖြေရှင်းတတ်စေရန် လမ်းပြကြရမည်ဖြစ် ကြောင်း၊ ကျင့်ဝတ်သိက္ခာကို လေးစား လိုက်နာစောင့်ထိန်းပြီး တတ်သိကျွမ်းကျင် ရမည့်ပညာရပ်များကို အမြဲလေ့လာ ဆည်းပူးကာ နိုင်ငံနှင့်ပြည်သူ့ အကျိုး စီးပွားကို တာဝန်အရမဟုတ်ဘဲ စိတ်ရင်း စေတနာအရင်းခံဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှုအရည်အသွေး တိုးတက် မြင့်မားပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ တိကျမြန်ဆန် သွက်လက်စွာ ဝန်ဆောင်မှုပေးကြရန်နှင့် မိမိဌာနအဖွဲ့ အစည်း၏လုပ်ငန်းများကို ခေတ်မီဆန်းသစ် သည့် တီထွင်ကြံဆမှုများ၊ ဖန်တီးနိုင်မှု စွမ်းအားများနှင့်ပေါင်းစပ်ကာ အကောင်းဆုံး လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူရှစ်ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၁၂ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်မှတာဝန်ရှိသူ များနှင့်အတူ သင်တန်းအလိုက် သင်ခန်းစာ ပို့ချနေမှု၊ တက္ကသိုလ်စက်ပစ်ကွင်းပြင်ဆင် ထားရှိမှုနှင့် တက္ကသိုလ် (၂၅)ခုတင်ဆံ့ ဆေးရုံနှင့် ရဲဝန်ထမ်းအိမ်ရာများကို ကြည့်ရှု စစ်ဆေးကာ တက္ကသိုလ်ပင်မရုံး အစည်း အဝေးခန်းမ၌ တက္ကသိုလ်တာဝန်ရှိသူများ နှင့်တွေ့ဆုံပြီး တက္ကသိုလ်၏ စီမံခန့်ခွဲရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။ မြဝတီ

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်   စက်တင်ဘာ   ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက် ကျောက်လမ်း ၁၂ မိုင် ၂ ဖာလုံ၊ အနက် ၃ မိုင် ကတ္တရာခင်းပြီး ကျန် ၉ မိုင် ၂ ဖာလုံမှ ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း စတင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ၁၀ ရွာမှ လူဦးရေ ၂၂၆၄ ဦး တို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် များစွာအထောက် အကူပြုမည်ဖြစ်ကြောင်း ဒေသခံ တိုင်းရင်းသားပြည်သူများထံမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၇၇၉၇ ဒသမ ၅၆၃ သန်းဖြင့် မြေလမ်း ၉ မိုင်၊ ကျောက်လမ်း ပြုပြင်ထိန်းသိမ်းခြင်း ၂ မိုင်၊ ကျောက်လမ်း ၉ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်လမ်း ၂ မိုင် ၆ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်တံတားလေးစင်း၊ Box Culvert ၂၃ စင်း၊ ကျောက်တောင် မိုင်းခွဲခြင်းလုပ်ငန်း တစ်ခု၊ ကျောက်စီရေမြောင်း ၂ ဖာလုံ၊ ပညာရေး လုပ်ငန်းတစ်ခု၊ မီးသွယ်တန်းခြင်းလုပ်ငန်း တစ်ခု၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ခြင်း လုပ်ငန်းသုံးခု၊ သာသနာရေးလုပ်ငန်းလေးခု နှင့် ဦးစီးဌာနလုပ်ငန်းငါးခုတို့ကို အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော်   စက်တင်ဘာ   ၁၅

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၇-၉-၂၀၂၅ ရက် ည ၈ နာရီမှ ၁၄-၉-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၀ ခုအား စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလ အတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှု နှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင် ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက် ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေ ပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | ဟုမ္မလင်း | ၁၅-၉-၂၀၂၅ | ၁၈.၀ | ၆၄.၄ | ၁၈-၉-၂၀၀၀ | ၁၈.၃ | ၆၄.၉ | ၆၀ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၇˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးနှင့်မြေပဲစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်း မြေပဲစိုက်တောင်သူများသို့ အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိနည်းပညာပြန့်ပွားရေးစင်တာ၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ မြန်အောင်၊ အင်္ဂပူနှင့်ညောင်တုန်းမြို့နယ်တို့မှသမဝါယမအသင်းသား တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခမ်းအနားတွင် မြန်အောင်၊ အင်္ဂပူ၊ ညောင်တုန်းမြို့နယ်တို့မှ မြေပဲစိုက်သမဝါယမအသင်း ၂၁ သင်း၏စိုက်ဧက ၄၅၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့် ညီမျှသော အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများ ဈေးကွက်ရရှိရေးနှင့် သမဝါယမဈေးငွေများ၊ မြစိမ်းရောင်(ဆီထွက်သီးနှံနေကြာ) စီမံကိန်းချေးငွေ၊ သက်တံ့ရောင်စီမံကိန်းချေးငွေများကို သက်သာသောအတိုးနှုန်း၊ သီးနှံပေါ်ပေးစနစ်တို့ဖြင့် အထွက်တိုး မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ပြင် မျိုး၊ သွင်းအားစု ဓာတ်မြေဩဇာများကိုအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာတောင်သူများလက်ဝယ်အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်အောင်၊ အင်္ဂပူနှင့် ညောင်တုန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၂၁ သင်း၏ စိုက်ဧက ၄၅၀ အတွက် အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်ကာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် စကြော့တောင်-အင်းမကျေးရွာချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် အုန်းပင်စုစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေး၍ စီမံကိန်းအမှတ်တရ ကုံကော်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မူလတန်းကျောင်းသောက်ရေသန့်ရရှိရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကျေးလက်ဒေသအခြေခံ အိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း (SEP) ရန်ပုံငွေဖြင့် ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် Green House, Net House စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး အခြေခံ စက်ချုပ်နည်းပညာသင်တန်းတက်ရောက်အောင်မြင်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများနှင့်တွေ့ဆုံအားပေးစကားပြောကြားသည်၊

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျိုးမဝင်သည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း သွင်းအားစုမြေဩဇာဖြန့်ဖြူးပြီးစီးမှု၊ နည်းပညာပေးမှု၊ ပြန်လည်ကောက်ယူမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူများ၏ စိုက်ဧက ၃၄၇၄၆ ဧကအတွက် ၁၅ ပတ်လည် ကွန်ပေါင်း ၁၁၈၀၁ အိတ်နှင့် ယူရီးယားဓာတ်မြေဩဇာ ၉၉၁၂ အိတ် ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၇၉၀၃ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေး ငွေကျပ် ၁၀၆၅ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၄၂ ခု၊ မသန်စွမ်းပရဟိတဂေဟာ ၁ ခု၊ အမျိုးသမီးဂေဟာ ၁ ခုနှင့် ဘိုးဘွားရိပ်သာ ၉ ခု စုစုပေါင်း ဂေဟာ/ရိပ်သာ ၅၃ ခုနှင့်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၉ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၅၈၈ ဒသမ ၉၇၂ သန်းနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၄၈၅၅ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၉၁၃ ဒသမ ၃၀၀ သန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက်သက်ကြီးပုဂ္ဂိုလ်များအတွက်လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ ၁၇၉၀၃ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၄၅၄၈ ဦးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၄၈၅၅ ဦး၊ စုစုပေါင်း ၇၁၀၀၆ ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်း ၄၅၆၇ ဒသမ ၂၇၂ သန်း ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် TMT ဆိပ်ကမ်းသို့ရောက်ရှိကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားပြီး လိုအပ်သောနေရာများ၌ ထပ်မံဖြည့်စွက်ဆောက်လုပ်ရန် နေရာရှင်းလင်းရေးဆောင်ရွက်နေစဉ်ကာလအတွင်း ခေတ္တထားရှိသော Container Office များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့်နေရာများသို့ ရွှေ့ပြောင်းသယ်ယူမည့်အခြေအနေနှင့် အစီအမံတို့အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) သို့ ဆက်လက်သွားရောက်ကာ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထပ်မံထောက်ပံ့လှူဒါန်းမည့် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သောရေဘေးသင့်ဒေသများအတွက် ရေသန့်စင်စက်တင်ယာဉ်၊ အသက်ကယ်ရော်ဘာလှေ၊ အသက်ကယ်ရော်ဘာဘောကွင်း အစရှိသည့် ရေဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာပစ္စည်းများရောက်ရှိလာပါက ခေတ္တထားရှိနိုင်ရေး သိုလှောင်ရုံများ ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဗဟိုသိုလှောင်ရုံဘေးရှိ အောင်သိဒ္ဓိချောင်း မြေထိန်းနံရံကာရံထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 နှင့် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Htet Wai Yan Hein Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**မြဝတီ**



## မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pathein Township ships large volume of coconuts to Yangon market

PATHEIN September 15

"Local businesspersons from Pathein Township of Ayeyawady Region sold 570,000 pieces of coconuts to Yangon market," said Daw Thet Thet, the owner of coconut trading commodity in Pathein Township.

From Pathein Township, up to 570,000 coconuts were transported and sold to the Yangon market. It is reported that the fruits fetch Ks-85,000 per 100 coconuts.

"Local products from Pathein Township are mainly transported and sold to the Yangon market.The demand for coconuts was strong, and we managed to sell up to 570,000 coconuts that month. The Yangon market has already placed orders for coconuts as well. As trading house owners, we buy coconuts from local coconut growers and transport them to the Yangon market for resale. With rising demand for local coconuts, the growers are doing well," said Daw Thet Thet.

She added that as more coconuts from Pathein Township are being transported and sold to the Yangon market, trading house owners, coconut growers, shop assistants, labourers, and truck rental operators are all benefiting from increased job opportunities and improved livelihoods.

**SK**



# Farmers exceed cultivation of pigeon pea as monsoon crops in Kanbalu Township

KANBALU September 15

Cultivation of pigeon pea as monsoon crops were exceeded the target cultivation in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.



In the 2025–2026 monsoon crop season, Kanbalu Township had planned to cultivate 115,660 acres of pigeon pea. Planting began in May this year, and as of today, 123,366 acres have been completed.

"This monsoon season, our target for Kanbalu Township was over 110,000 acres of pigeon pea, and as of now, we have already planted more than 120,000 acres, exceeding the target. We are also working to ensure good yields. Farmers in the township grow pigeon pea both as a sole crop and as an intercrop," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

It is reported that this year, the township's Department of Agriculture has been providing field-level technical guidance to pigeon pea farmers on selecting quality and pure seeds, applying correct cultivation methods, preventing pest risks, and improving yields.

Additionally, the Kanbalu Township Department of Agriculture has been introducing technology for mixing urea with gypsum to help farmers reduce the cost of purchasing foliar fertilizers. The use of urea-gypsum mixtures has been found to lower cultivation costs, keep plants pest-free, and promote healthy growth.

**SMK**

# Katha Township grows more than 15,000 acres of rainfed paddy this year

KATHA September 15

According to the data of Katha Township Agriculture Department, local farmers planted more than 15,000 acres of rainfed paddy in the township, Sagaing Region, this year.

For the 2025–2026 monsoon crop season, Katha Township has planned to cultivate 38,510 acres of rainfed paddy. Planting began in May this year, and as of today, 15,930 acres have been completed, according to reports.

"This year, during the monsoon crop season, Katha Township has planned to grow over 38,000 acres of rainfed paddy. As of today, more than 15,000 acres have already been planted, and cultivation is ongoing. We are working to ensure the full target acreage is met. Necessary technologies and quality seed varieties will be provided for paddy cultivation, and field visits are being conducted to help farmers plant on time," said U Ko Lay, Head of the Township Department of Agriculture.

It is reported that, during this year's monsoon crop season, the township's Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Katha Township, farmers growing rainfed paddy are being given agricultural technical support, pest prevention training, guidance to avoid crop loss or damage, and advice on timely post-harvest handling to ensure the harvested paddy is stored under cover in time.

To ensure that this year's rainfed paddy fields in Katha Township are productive and achieve good yields, township agriculture officials and staff are conducting field visits to provide technical guidance such as selecting quality pure seed varieties, preventing pest infestations, weeding and thinning, removing off-types, and applying fertilizers systematically.

**SMK**

# More than 10,000 acres of groundnut planted in YeU Township this year

YEU September 15

This year's statistics of YeU District Agriculture Department mentioned that local farmers have so far planted 11,047 acres of groundnut in YeU Township of Sagaing Region.

In the 2025–2026 monsoon crop season, YeU Township planned to cultivate 11,329 acres of groundnut. Planting began in May this year, and as of today, 11,047 acres have been completed.

"This year, the target for YeU Township's monsoon crop season is 11,329 acres of groundnut, and so far, we have planted 11,047 acres. We are working to meet the full target. Oil crops are generally in good condition, and groundnut cultivation has been improving year by year," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, groundnut cultivation requires about one and a half baskets of seeds per acre, with production costs—including seeds, labour charge, fertilizers, and pesticides—amounting to over Ks-200,000 per acre. The yield is more than 50 baskets per acre.

This year, to ensure the success of groundnut fields, prevent pest and disease outbreaks, and keep crops free from weeds, staff from the Township Department of Agriculture have been conducting field inspections and maintaining surveillance records.

**SK**

# Kyaukmyaung Sub-township completes cultivation of maize and sweet corn as monsoon crops

KYAUKMYAUNG September 15

Local farmers planted 6,758 acres of maize and sweet corns as monsoon crops in Kyaukmyaung Sub-township this year, according to the Sub-Township agricultural data.

In the 2025–2026 monsoon cropping season, Kyaukmyaung Sub-township has planned to cultivate 3,579 acres of maize and 3,653 acres of sweet corn, totaling 7,232 acres. Planting began in June this year, and as of today, 3,103 acres of maize and 3,655 acres of sweet corn — a total of 6,758 acres — have been cultivated, according to reports.

"This monsoon season, we have planned to plant over 7,000 acres of maize and sweet corn in Kyaukmyaung Sub-township. So far, over 6,000 acres have been cultivated. We are working to ensure the target acreage is fully planted. To ensure successful cultivation, we are providing farmers with awareness programmes and guidance to prevent pest and disease outbreaks," said Daw Khin Win, Head of the Kyaukmyaung Sub-township Agriculture Department.

This year, the Sub-township Agriculture Department is providing maize and sweet corn farmers with training, field demonstrations, and preventive measures against the corn borer, as well as guidance on integrated pest management, including the use of Dimethoate insecticide and ginger-chilli pest control methods.

It is reported that in Kyaukmyaung Sub-township, seed maize yields over 50 baskets per acre with a production cost of about Ks-500,000 per acre, while sweet corn yields about 15,000 ears per acre with production costs exceeding Ks-500,000 per acres.

SK

# Wakema Township ships larger volume of Hnakar paddy strain to Yangon market

WAKEMA September 15

"Local merchants from Wakema Township shipped a large volume of Hnakar paddy strains to Yangon market,"said Daw San San Maw, the owner of rice and paddy trading commodity in Wakema Township.

From Wakema Township, only about 70,000 baskets of Hnankar paddy were transported and sold to the Yangon market. The current market price is reported to be as high as Ks-1,550,000 per 100 baskets.

"From Wakema Township, we mainly transport and sell farm products to the Yangon and Pathein markets. Even in the current month, we have already received large purchase orders for Hnankar paddy. With strong sales of paddy and rice, job opportunities have improved for those engaged in the transport of farm produce, and paddy warehouse owners are also benefiting," said Daw San San Maw.

In Wakema Township, farm products, including Hnankar paddy, are systematically processed by traders and mainly sold to Yangon market operators through established connections. Distribution to other regions is also continuing.

SMK

# Merchants from Kyaunggon Township send large volume of dried chilli to Yangon market



KYAUNGGON September 15

"Local traders from Kyaunggon Township of Ayeyawady Region supplied 65,000 viss of dried chilli," said Daw San Htay, the owner of agricultural produce trading commodity in Kyaunggon Township.

From Kyaunggon Township, only about 65,000 viss of dried chilli were transported and sold to the Yangon market.

The price of dried chilli exported from the area was reported to be Ks-175,000 per 10 viss.

"In the past month, we have transported and sold up to 65,000 viss of dried chilli from Kyaunggon Township to the Yangon market. Local farm products are mainly shipped not only to other towns within the Ayeyawady Region but also to Yangon. The dried chilli produced in Kyaunggon Township is of good quality, so the market demand is high. At present, the price of dried chilli is up to Ks-175,000 per 10 viss," said Daw San Htay.

The high-quality dried chilli from Kyaunggon Township is being shipped to the Yangon market, creating job opportunities for farmers, labourers, traders, and trading centre owners in the area.

SK

# Authorities earmark cultivation of more than 8,000 acres of monsoon paddy in Khamti Township

KHAMTI September 15

Local authorities set a plan to grow more than 8,000 acres of monsoon paddy in Khamti Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon cropping season, it has been planned to cultivate 8,279 acres of monsoon paddy in Khamti Township. The planting is expected to take place from June to September this year.

Daw Su Su Khaing, Head of the Khamti Township Department of Agriculture, stated, "This year, during the monsoon cropping season, we have planned to cultivate over 8,000 acres of monsoon paddy in Khamti Township. We will work to ensure that the planned acreage is fully planted. We will also provide the necessary technologies and seed varieties for monsoon paddy cultivation. Field-level assistance will be given to farmers to ensure timely planting."

It is reported that during this year's monsoon cropping season, the relevant township agricultural department and local farmers will collaborate to ensure systematic cultivation without major difficulties.

In Khamti Township, farmers growing monsoon paddy will be provided with agricultural techniques, pest prevention awareness, guidance to avoid crop loss, and education to ensure harvested rice is stored under proper shelter in a timely manner.

To ensure the success and productivity of the monsoon paddy fields planted this year in Khamti Township, the township's Department of Agriculture and its staff will provide field-level support, including selection of quality and pure seeds, pest control, proper weeding and thinning, removal of mixed varieties, and correct use of fertilizers and other agricultural techniques.

SK

# Sunflower planted on more than 1,400 acres in Myinmu Township

MYINMU September 15

Sagaing District Agriculture Department stated that a total of 1,486 acres of sunflower has been planted in Myinmu Township of Sagaing Region.

Local farmers have planted 1,486 acres of sunflower so far against the target of 2,030 acres of sunflower in Myinmu Township this monsoon.

Daw Thida Lwin, Head of Sagaing District Agriculture Department commented: "This monsoon, local authorities planned to grow 2,030 acres of sunflower in Myinmu Township. However, local farmers have grown 1,486 acres of sunflower against the target cultivation. Cultivation of crops is underway. Local farmers grow sunflower in order to reduce import of palm oil. In fact, sunflower yields per-acre yield of oil more than groundnut and sesame. Local farmers prefer to grow sunflower in cold season."

In Myinmu Township, officials from Township Agriculture Department conduct training course for local farmers to have a wider knowledge in growing crops, especially sunflower crop and how to expand sown acreage of sunflower.

This year, officials arrange provision of quality strains of sunflower seeds, sale of urea fertilizers at fair prices to local farmers and barter system in trading of sunflower seeds among local farmers.

SMK

# Starmer claims protesters have no right to use ‘diverse’ UK flag

LONDON September 15

UK Prime Minister Keir Starmer has criticized anti-government protesters in London, accusing them of using the national flag to promote “division” rather than the “diversity” that he said it represents.

Tens of thousands attended the “Unite the Kingdom” rally on Saturday, organized by right-wing activist Tommy Robinson, who described it as “the UK’s biggest free speech festival.” Demonstrators marched through the city with Union flags and St. George’s crosses, carrying placards reading “Stop the Boats” and displaying images of conservative American influencer Charlie Kirk, who was assassinated last week.

Police deployed around 1,000 officers and imposed restrictions to separate the estimated 150,000-strong crowd from a counter-protest of approximately 5,000 people. Clashes broke out when some demonstrators attempted to breach a cordon near the main stage, resulting in at least 26 injuries and 25 arrests.

In a post on X on Sunday, Starmer condemned the “assaults on police officers” and accused the rally of “intimidating” residents of different backgrounds and skin colors.

“Britain is a nation proudly built on tolerance, diversity, and respect. Our flag represents our diverse country, and we will never surrender it to those who use it as a symbol of violence and division,” he wrote.

Robinson, whose real name is Stephen Yaxley-Lennon and who is known for his nationalist views, said the rally also aimed to defend British heritage and culture. Some rally-goers expressed anger over immigration, describing it as an “invasion.”



Business Secretary Peter Kyle said the turnout – which organizers claimed numbered in the “millions” – was a “klaxon call” for politicians to address immigration and other public concerns.

The rally came one year after anti-immigration riots erupted in several UK cities. It also follows government efforts to ban the Palestine Action group and the arrests of peaceful protesters, as well as growing controversy over Britain’s strict hate speech and online safety laws, which critics say police “wrong” opinions on social media. **RT**

# Kremlin says Russia ready for dialogue on Ukraine

MOSCOW September 15

Russia remains open to dialogue on Ukraine despite a recent pause in negotiations, Kremlin spokesman Dmitry Peskov said Monday.

Peskov said that Moscow is determined to resolve the ongoing crisis in Ukraine through political and diplomatic means.

Meanwhile, Peskov described calls for an urgent summit on Ukraine as “emotional,” and said such a meeting would require proper preparation.

“The meeting itself, if held without preparation, will be completely useless,” the spokesperson said, noting that any high-level contacts would need to be well prepared so that all necessary groundwork is completed in advance at the expert level. **Xinhua**

# Lebanon detains agents working for Israel – Interior Minister

BEIRUT September 15

The Lebanese Interior Ministry has detained several people on suspicion of working for Israel and being members of terrorist organizations, Interior Minister Ahmed Al-Hajjar said on Monday.

“The Information Branch conducted a series of efficient operations without publicity, resulting in detentions related to terrorism and collaboration with the enemy, as well as the prevention of criminal activities,” al-Hajjar told journalists at a press conference.

In recent days and weeks, individuals and small groups linked to terrorism were arrested as part of preventive efforts, he added, saying that “several hostile Israeli agents have been detained.” **Sputnik**

# 31 terrorists killed in military operations in northwest Pakistan

ISLAMABAD September 15

A total of 31 terrorists were killed during two separate operations in Pakistan’s northwest Khyber Pakhtunkhwa Province, the military said on Monday.

The operations were conducted in Lakki Marwat and Bannu districts during the weekend, the Inter-Services Public Relations (ISPR), the media wing of the Pakistan Army, said in a statement.

In Lakki Marwat, 14 terrorists were killed after an intense exchange of fire between security forces and the terrorists, the ISPR said.

In a separate engagement in Bannu district, another 17 terrorists were neutralized, according to the statement.

The ISPR added that both operations were carried out based on intelligence regarding the presence of terrorists affiliated with a banned outfit, and that weapons and ammunition were also recovered during the actions.

Sanitization operations are underway in both areas to eliminate any remaining threats, the military said, reiterating that Pakistan’s security forces remain determined to eradicate terrorism from the country. **Xinhua**

# Trump announces successful US-China trade meeting in Europe

WASHINGTON September 15

US President Donald Trump said on Monday that the trade meeting between the United States and China in Europe has gone “very well” and will wrap up soon.

“The big Trade Meeting in Europe between The United States of America, and China, has gone VERY WELL! It will be concluding shortly,” Trump said on Truth Social.

US President Donald Trump said on Monday that he will be speaking to Chinese President Xi Jinping on September 19.

“I will be speaking to President Xi on Friday. The relationship remains a very strong one!!!” Trump wrote on Truth Social following a trade meeting between China and the United States.

The president also said that a deal was reached on a company “that young people in our Country very much wanted to save,” adding that those people will be “very happy” but omitting the name of the company.

It is possible that Trump was referring to a deal about the future of TikTok in the US.

Earlier in the day, US Treasury Secretary Scott Bessent said that Washington and Beijing were “very close or have resolved the issue” of the video hosting’s operation in the US.

The United States and China have established a framework for a deal concerning the TikTok video hosting’s operation in the US, US Treasury Secretary Scott Bessent said.

Earlier in the day, US President Donald Trump said that during the US-China trade talks in Madrid, a deal was reached on a company “that young people in our Country very much wanted to save,” adding that those people will be “very happy” but omitting the name of the company.

“We have a framework for a TikTok deal. The two leaders, President Trump and [Chinese President Xi Jinping], will speak on Friday to complete the deal, but we do have a framework for a deal with TikTok,” Bessent told reporters following the talks.

He later added that the framework provided for the service switching to “US-controlled ownership” but added that the details are still for Trump and Xi to determine.

The China-US talks take place from September 14 to 17 in Spain and focus on trade, tariffs, and the TikTok platform.


**Sputnik**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# EV battery technology explained: Powering the future of clean transport

The EV battery gives life to every electric vehicle. This is one component that is important for greening the future of transport! At GAC, we are genuinely passionate about advancing EV battery technology. We aim to make better batteries, and that is the key to making electric cars practical and attractive to every motorist. Our goals are simple: just make batteries that are safer, longer-lasting and charge faster. Next, let us walk you through the key technology that will propel the electric revolution.




**Key Performance Indicators of an EV Battery**

Knowing what to look for in a good EV battery is important. Here are a few things to be familiar with:

- **Energy Density:** Think of this as the battery's fuel tank. It's the amount of energy that can be stored in a given volume or weight, usually measured in watt-hours per kilogram (Wh/kg) or watt-hours per litre (Wh/L). Higher energy density means a longer driving range without increasing the battery's size.
- **Power Density:** This is about how quickly that energy can be delivered. It's measured in watts per volume (W/cm$^3$) or watts per unit of mass (W/kg). High power density is what gives electric vehicles their thrilling, instantaneous acceleration.
- **Charging Speed:** A critical factor for convenience, this measures how quickly a battery can be replenished. Faster charging speed is key to making EVs a practical choice for everyone. Typically, DC fast chargers offer the fastest charging times.
- **Cycle Life:** An EV battery is a long-term investment. Its cycle life refers to the number of charge and discharge cycles it can endure before its capacity begins to significantly degrade. A longer cycle life translates to a greater EV batt-ery lifespan.
- **Safety:** Arguably the most important metric, safety refers to the performance of the battery as well as safety against events like thermal runaway that can cause fires.

**Common Types of EV Batteries**


The journey of the EV battery has seen several technological milestones. Here's a look at some of the key players:

- **Lithium-ion Batteries:** The current industry standard, lithium-ion batteries offer a winning combination of high energy density and a relatively long lifespan. They power everything from smartphones to the majority of modern electric vehicles.
- **Nickel-metal Hydride (NiMH) Batteries:** A precursor to lithium-ion in many hybrid vehicles, NiMH batteries are known for their reliability and safety. While they have a lower energy density than their lithium-ion counterparts, their proven track record means they are still in use today.
- **Lead-acid Batteries:** One of the oldest types of rechargeable batteries, lead-acid batteries are heavy and have a low energy density. While not used as the primary power source for modern EVs, they can sometimes be found in an auxiliary role.
- **Solid-state Batteries:** Often hailed as the next frontier, solid-state batteries promise even greater energy density, faster charging, and enhanced safety by replacing the liquid electrolyte with a solid material. This is an area of active research and development for us at GAC.

**GAC Magazine Battery: A Leap Forward in EV Battery Technology**

At GAC, we wholeheartedly commit to research and development. A commitment to research and development has resulted in one of our proudest accomplishments, namely, the Magazine Battery. This is not just an increment of improvement, but a critical move forward in EV battery technology.

Our engineers designed the Magazine Battery with a single design consideration: safety. The name refers to the physical structure we created, which puts battery cells into compartments, where each cell is individually protected, just like a magazine for a rifle. The Magazine Battery is revolutionary because it isolates each battery cell. In the unlikely event, one cell runs away thermally, the thermal runaway is contained and able to prevented from




spilling over and igniting the neighbouring cells.

We've fortified this design with cutting-edge materials. The compartments are lined with super-insulating, fire-retardant materials, and the entire battery pack is protected by a high-temperature resistant shell capable of withstanding 2,000°C. This robust construction has been put through the industry's most demanding safety verifications, including the nail penetration test. In these tests, our Magazine Battery has proven its exceptional stability, showing no signs of fire or explosion, setting a new benchmark for safety.

You can experience the peace of mind and performance of this advanced technology in our AION electric car lineup and our premium HYPTEC HT vehicle series. These models are a direct reflection of our philosophy: to deliver not just electric transportation, but a superior, safer, and more confident driving experience for all.

**Why Battery Technology Matters for the Future of Clean Transport**

The evolution of EV battery technology spearheads the development of widespread clean transport. Higher energy density will decrease range anxiety, while faster charging allows for maximum feasibility on long trips. Better safety will improve consumer confidence, and longer EV battery lifespan reduces the total cost of ownership.

In addition, this has severe environmental implications. By making the electrification of transport more practical and desirable, we will accelerate the transition away from fossil fuels, thereby reducing greenhouse gas emissions and improving air quality in our cities.

Ultimately, for Europe to succeed in its mission for a climate-neutral future, the journey will be powered by the next generation of EV batteries. It is our commitment to ensure this technology is not only powerful and efficient but also safe and sustainable, paving the way for a truly clean transport ecosystem.

**Choosing a Smarter, Safer, and Greener Future**

The road ahead is electric, and the journey is powered by innovation. As we continue to push the boundaries of what's possible, we invite you to be a part of this exciting future. When you choose a vehicle powered by advanced EV battery technology, you are not only selecting a mode of transportation, but making a conscious decision for a more efficient, safer, and eco-friendly world. Explore the future of driving with us, and experience the power of technology that moves us all forward.

GAC

# ဉာဏ်ရည်တု၊ လူမဲ့၊ ကွန်ရက်ချိတ်ဆက်မှုများနဲ့ အနာဂတ်စစ်ပွဲကို တစ်ခေတ်ဆန်းသစ်စေမယ့် တရုတ်စစ်ရေးပြအခမ်းအနားမှ သံချပ်ကာတိုက်ယာဉ်များ - (၂)




စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် PTL-11 တင့်ဖျက်တိုက်ယာဉ်

## Type-100 ခြေလျင်တင်တိုက်ယာဉ်

တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားမှာ ပါဝင်ပြသခဲ့တဲ့ နောက်ထပ်သံချပ်ကာတိုက်ယာဉ်အသစ်က Type–100 အမျိုးအစား မျိုးဆက်သစ်ခြေလျင်တင်တိုက်ယာဉ်ဖြစ်ပါတယ်။ Type–100 မျိုးဆက်သစ်တင့်ကို အထောက်အကူပေးနိုင်ရေးအတွက် တီထွင်ထားခြင်းဖြစ်တာကြောင့် အခြေခံကိုယ်ထည်ကတော့ အတူတူဖြစ်လိမ့်မယ်လို့ယူဆရပါတယ်။

မြို့တွင်းစစ်ဆင်ရေးလိုမျိုး ရှုပ်ထွေးတဲ့အခြေအနေမျိုးတွေမှာ Type–100 တင့်ကို အထောက်အကူပေးနိုင်စေဖို့ တီထွင်ထားတာဖြစ်တဲ့အတွက် သူ့ရဲ့အဓိကလက်နက်စနစ်က ၃၀ မီလီမီတာစက်အမြောက်တပ်လူမဲ့ဆုံလည်ကို အသုံးပြုထားတာတွေ့ရပါတယ်။ တိုက်ယာဉ်ရဲ့ထူးခြားမှုတစ်ခုကယာဉ်နောက်ပိုင်းမှာ ဒရုန်းတစ်စင်းကိုတင်ဆောင်ထားတာဖြစ်ပါတယ်။

ဒီလိုမျိုးဒရုန်းကိုတင်ဆောင်ထားတဲ့အတွက် စစ်မြေပြင်ကင်းထောက်ခြင်းနဲ့ သတင်းအချက်အလက်ပေးပို့ခြင်းတို့ကို အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်နိုင်စေမှာပါ။ ဒါ့အပြင် သူ့မှာ Type–100 တင့်လိုမျိုးပဲ GL–6 ကြိုတင်တုံ့ပြန်အကာအကွယ်စနစ်တပ်ဆင်ထားတာကိုလည်း တွေ့ရှိရပါတယ်။

## PTL-11 တင့်ဖျက်တိုက်ယာဉ်

PTL–11 တင့်ဖျက်တိုက်ယာဉ်ဆိုတာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြည်းတပ်ရဲ့ သံချပ်ကာတပ်ဖွဲ့မှာ အဓိကထားအသုံးပြုတဲ့ ဘီးတပ်တင့်ဖျက်တိုက်ယာဉ်တစ်စီးဖြစ်ပြီး အခုစစ်ရေးပြအခမ်းအနားမှာမှ ပြည်သူလူထုကို ပထမဆုံးထုတ်ဖော်ပြသခဲ့တာပါ။ PTL–11 တင့်ဖျက်တိုက်ယာဉ်ကို မူလ Type–92 သံချပ်ကာလူသယ်ယာဉ်ရဲ့ကိုယ်ထည်ပေါ်မှာ အခြေခံတည်ဆောက်ထားတဲ့ PTL–02 Assaulter တင့်ဖျက်တိုက်ယာဉ်လိုမျိုးပဲ ရှစ်ဘီးတပ်ယာဉ်ကိုယ်ထည်ပေါ်မှာ အခြေခံတည်ဆောက်ထားတာဖြစ်ပါတယ်။

အဲဒီတိုက်ယာဉ်ရဲ့ ပစ်အားပိုင်းမှာတော့ ပစ်အားကောင်းမွန်တဲ့ ZPL–98A ပြောင်းထွက်ရှိန်နိမ့် ၁၀၅ မီလီမီတာ ပြောင်းရစ်ပါအမြောက်ကို တပ်ဆင်ထားပါတယ်။ ဒါကြောင့် ပြောင်းထွက်ရှိန် တစ်စက္ကန့်ကို မီတာ ၁၅၃၀ နှုန်းနဲ့ မီတာ ၂၀၀၀ အကွာရှိ သံချပ်ကာအထူ ၁၆၀ မီလီမီတာကိုဖောက်ထွင်းနိုင်တဲ့ DTW–2 အရှိန်ပြင်း ဒလက်ထိန်းသံချပ်ဖောက်ကျည်၊ ပြောင်းထွက်ရှိန် တစ်စက္ကန့်ကို မီတာ ၁၅၄၀ နှုန်းနဲ့ မီတာ ၂၀၀၀ အကွာရှိ သံချပ်ကာအထူ ၂၂၀ မီလီမီတာကိုဖောက်ထွင်းနိုင်တဲ့ BTA–2 အရှိန်ပြင်း ဒလက်ထိန်းသံချပ်ဖောက်ကျည်၊ သံချပ်ကာအထူ ၄၆၀ မီလီမီတာမှ ၅၀၀ မီလီမီတာအထိကို ဖောက်ထွင်းနိုင်စွမ်းရှိတဲ့ DTP–1A တင့်ဖျက်ခွင်းကျည်နဲ့ မီတာ ၅၀၀၀ အကွာရှိသံချပ်ကာအထူ ၅၅၀ မီလီမီတာမှ ၆၀၀ မီလီမီတာအထိကို ဖောက်ထွင်းနိုင်ပြီး အမြောက်ပြောင်းအတွင်းမှ ထည့်သွင်းပစ်ခတ်ရတဲ့ GP105 တင့်ဖျက်ပဲ့ထိန်းဒုံးတို့ကို အသုံးပြုပစ်ခတ်နိုင်ပါတယ်၊ သယ်ဆောင်နိုင်တဲ့ ခဲယမ်းအရေအတွက်ကတော့ အတောင့် ၃၀ ဖြစ်ပါတယ်။

တိုက်ယာဉ်မှူး၊ အမြောက်ပစ်၊ ယာဉ်မောင်း၊ ကျည်ထိုးတို့ပါဝင်တဲ့ တိုက်ယာဉ်အဖွဲ့သားလေးဦးလိုက်ပါနိုင်တဲ့တိုက်ယာဉ်မှာ တရုတ်ပြည်တွင်းထုတ် မြင်းကောင်ရေ ၄၄၀ ရှိ Deutz BF6M1015C ဒီဇယ်အင်ဂျင်ကို တပ်ဆင်ထားပါတယ်။ တိုက်ယာဉ်ရဲ့ အမြင့်ဆုံးအမြန်နှုန်းက တစ်နာရီကို ကီလိုမီတာ ၁၀၀ နှုန်းရှိကာ ကုန်း/ရေနှစ်သွယ်သွားနိုင်စွမ်းရှိပါတယ်။ ရေပြင်မှာတော့ တစ်နာရီကို ၈ ကီလိုမီတာနှုန်းနဲ့မောင်းနှင်နိုင်ပါတယ်။

## Type-08 ခြေလျင်တင်တိုက်ယာဉ်

Type–08 ခြေလျင်တင်တိုက်ယာဉ်ကို ၂၀၀၉ ခုနှစ်မှာ ပထမဆုံးထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်၊ သူကတိုက်ယာဉ်အဖွဲ့သားသုံးဦးနဲ့ ခြေလျင်စစ်သည် ခုနစ်ဦးကို တင်ဆောင်နိုင်ပါတယ်၊ လက်နက်တပ်ဆင်မှုအနေနဲ့ ZPT–99 အမျိုးအစား ၃၀ မီလီမီတာ စက်အမြောက်တစ်လက်၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်တစ်လက်နဲ့ HJ–73C Red Arrow တင့်ဖျက်ပဲ့ထိန်းဒုံးတို့ကို တပ်ဆင်ထားပါတယ်။

အဲဒီတိုက်ယာဉ်အတွက်မြင်းကောင်ရေ ၄၄၀ အား ထွက်ရှိတဲ့ Deutz BF6M1015C ဒီဇယ်အင်ဂျင်ကိုတပ်ဆင်ထားပြီး အမြင့်ဆုံးအမြန်နှုန်းအနေနဲ့ တစ်နာရီကို ကီလိုမီတာ ၁၀၀ နှုန်းမောင်းနှင်နိုင်ပါတယ်။ ဒါ့အပြင် တိုက်ယာဉ်က ကုန်း/ရေနှစ်သွယ်သွားနိုင်ပြီး ရေပြင်မှာ အမြန်နှုန်း တစ်နာရီကို ၈ ကီလိုမီတာနှုန်းနဲ့ မောင်းနှင်နိုင်ပါတယ်။ အဲဒီတိုက်ယာဉ်အမျိုးအစားကို ပြည်ပတင်ပို့မှုအတွက် VN–1 တိုက်ယာဉ်အဖြစ် ထုတ်လုပ်ထားပြီး ထိုင်းဘုရင့်တပ်မတော်မှာ အသုံးပြုလျက်ရှိပါတယ်။

## လေကြောင်းချီတိုက်ယာဉ်များ

အခုကျင်းပခဲ့တဲ့စစ်ရေးပြအခမ်းအနားမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လေကြောင်းချီသံချပ်ကာလူသယ်ယာဉ်အသစ်အပါအဝင်လေကြောင်းချီတိုက်ယာဉ်အသစ်များကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီတိုက်ယာဉ်တွေထဲကမှ လေကြောင်းချီသံချပ်ကာလူသယ်ယာဉ်အသစ်ဆိုတာ တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော် (လေတပ်) ရဲ့ လေကြောင်းချီတပ်ဖွဲ့ရှိတပ်မဟာခြောက်ခုမှာအသုံးပြုနေတဲ့ နှစ်ပေါင်း ၂၀ သက်တမ်းရှိ ZBD–03 တိုက်ယာဉ်များနေရာမှာ အစားထိုးအသုံးပြုနိုင်ဖို့ တီထွင်ထားတာဖြစ်ပါတယ်။

တိုက်ယာဉ်မှာ တပ်ဆင်ထားတဲ့လက်နက်များက ၁၂ ဒသမ ၇ မီလီမီတာ စက်သေနတ်တစ်လက်နှင့် ၃၀ မီလီမီတာ အတွဲလိုက် ဗုံးပစ်လောင်ချာတစ်လက်တို့ဖြစ်ပြီး အဝေးထိန်းလက်နက်ပစ်စင်ကို အသုံးပြုထားတာတွေ့ရပါတယ်။ ဒါ့အပြင် တိုက်ယာဉ်မှာ တင့်ဖျက်စွမ်းရည်ရရှိစေဖို့ ဆုံလည်ရဲ့ဘယ်ဘက်ခြမ်းမှာ တင့်ဖျက်ပဲ့ထိန်းဒုံးပစ်လောင်ချာတစ်လက်တပ်ဆင်ထားပါတယ်။ တိုက်ယာဉ်အနေနဲ့ အကာအကွယ်အဆင့်အတန်းကို တိုးတက်ရရှိစေဖို့အတွက်လည်း တိုက်ယာဉ်အသစ်မှာ မော်ဂျူလာကြွေထည် သံချပ်ကာကို တပ်ဆင်ထားတဲ့အပြင် GL–6 ကြိုတင်တုံ့ပြန်အကာအကွယ်စနစ်၊ ရေဒါဖြင့်ထိန်းချုပ်တဲ့ မောင်းသူမဲ့လေယာဉ်တန်ပြန်ရေးစနစ်နဲ့ မီးခိုးဗုံးပစ်လောင်ချာများကိုလည်း တပ်ဆင်ပေးထားပါတယ်။

ထုတ်ဖော်ပြသခဲ့တဲ့ နောက်ထပ်လေကြောင်းချီတိုက်ယာဉ်အသစ်ထဲမှာ သူ့ရဲ့မျိုးကွဲတစ်ခုအနေနဲ့ လေကြောင်းချီခြေလျင်တင်တိုက်ယာဉ်အသစ်လည်းပါဝင်ပါတယ်။ အသုံးပြုထားတဲ့ကိုယ်ထည်များက အတူတူပင်ဖြစ်ပြီး လက်နက်တပ်ဆင်မှုအနေနဲ့ ၃၀ မီလီမီတာ စက်အမြောက်နဲ့ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်တစ်လက်ပါရှိပါတယ်။ တိုက်ယာဉ်ဘယ်ဘက်ခြမ်းမှာ တင့်ဖျက်ပဲ့ထိန်းဒုံးပစ်လောင်ချာနှစ်လက်၊ ညာဘက်ခြမ်းမှာဒုံးပစ်လောင်ချာလေးလက်ကို တပ်ဆင်ထားပါတယ်။ အကာအကွယ်စနစ်များက လေကြောင်းချီသံချပ်ကာလူသယ်ယာဉ်နဲ့ အတူတူပါပဲ။

လေကြောင်းချီတိုက်ယာဉ်တွေထဲမှာ လေကြောင်းချီပစ်ကူပေးတိုက်ယာဉ်တွေလည်းပါဝင်ပြီး အသုံးပြုထားတဲ့ကိုယ်ထည်များကတော့ အပေါ်မှာတင်ပြခဲ့တဲ့တိုက်ယာဉ်များနဲ့အတူတူပါပဲ။ သံချပ်ကာအကာအကွယ်ပိုင်းကလည်း တခြားလေကြောင်းချီတိုက်ယာဉ်တွေနဲ့ အတူတူဖြစ်ပေမယ့် အခုတိုက်ယာဉ်က ပစ်ကူပေးတိုက်ယာဉ်အမျိုးအစားဖြစ်တဲ့အတွက် ခြိမ်းခြောက်မှုနည်းပါးတဲ့နောက်ပိုင်းနေရာမှ ပစ်ကူပေးရမှုသဘောသဘာဝရှိတာကြောင့် GL–6 ကြိုတင်တုံ့ပြန်အကာအကွယ်စနစ်ကို တပ်ဆင်ထားခြင်းတော့မရှိပါဘူး။

လက်နက်စနစ်အနေနဲ့ တာဝေးရောက်သွယ်ဝိုက်ပစ်ကူပေးနိုင်ရန်နဲ့ တိုက်ရိုက်ပစ်ခတ်ခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိနေရန် ပြောင်းရင်းမှကျည်ထိုးရသော ၁၂၀ မီလီမီတာ ပြောင်းရှည်စိန်ပြောင်းကို တပ်ဆင်ပေးထားပါတယ်။ ဒါကြောင့် ပုံမှန်ခဲယမ်းများကိုအသုံးပြုပါက မီတာ ၉၀၀၀ အထိ ပစ်ခတ်နိုင်ပြီး ဒုံးတွန်းအားအကူပေးခဲယမ်းကိုအသုံးပြုပါကမီတာ ၁၂၈၀၀ အကွာအဝေးအထိ သွယ်ဝိုက်ပစ်ကူပေးနိုင်စွမ်းရှိပါတယ်။ တင့်ဖျက်ခဲယမ်းကိုအသုံးပြုရင် အကွာအဝေးမီတာ ၁၂၀၀ ကို တိုက်ရိုက်ပစ်ခတ်ပေးနိုင်ပါတယ်။ သူ့မှာအလိုအလျောက်ကျည်ထိုးစက်ကိုတပ်ဆင်ထားတဲ့အတွက် တစ်မိနစ်ကိုခဲယမ်းရှစ်တောင့်မှ ၁၀ တောင့်အထိ အမြင့်ဆုံးပစ်ခတ်နိုင်စေမှာဖြစ်ပါတယ်။

## ZLL-09 ယာဉ်တင်အမြောက်

ZLL–09 ယာဉ်တင်အမြောက်ဆိုတာ တိုက်ယာဉ်အမျိုးအစားအသစ်မဟုတ်ပေမယ့် တိုက်စွမ်းအားပြင်းထန်တဲ့ယာဉ်တင်အမြောက်အဖြစ် စစ်ရေးပြအခမ်းအနားမှာ ထည့်သွင်းပြသခဲ့တာဖြစ်ပါတယ်။ သူ့မှာတပ်ဆင်ထားတာက ၁၂၂ မီလီမီတာ ဟောင်ဝစ်ဇာဖြစ်ပြီး Type–08 ခြေလျင်တင်တိုက်ယာဉ်ကိုယ်ထည်ပေါ်မှာ တင်ဆောင်ထားတာပါ။ အဲဒီဟောင်ဝစ်ဇာမှာ နောက်ဆုံးပေါ်ခဲယမ်းများ အသုံးပြုပါက အဝေးဆုံးအကွာအဝေး ၂၇ ကီလိုမီတာအထိကို တစ်မိနစ်ခဲယမ်းရှစ်တောင့်နှုန်းနဲ့ အမြန်ဆုံးပစ်ခတ်နိုင်ပါတယ်။ ခဲယမ်းသယ်ဆောင်နိုင်မှုမှာ သံချပ်ကာဖောက်ကျည်၊ ခွင်းကျည်နဲ့ မိုင်းကျည်တို့အပါအဝင် ၁၂၂ မီလီမီတာ ခဲယမ်းအတောင့် ၄၀ ကို သယ်ဆောင်နိုင်ပါတယ်။ ဟောင်ဝစ်ဇာကိုတင်ဆောင်ထားတဲ့တိုက်ယာဉ်က အမြင့်ဆုံး တစ်နာရီကို ကီလိုမီတာ ၁၀၀ အမြန်နှုန်းနဲ့မောင်းနှင်နိုင်ပါတယ်။ အမြောက်ရဲ့စွမ်းဆောင်ရည်ပိုင်းအနေနဲ့ပြောရရင် ၁၅၅ မီလီမီတာအမြောက်တွေလိုကောင်းမွန်မှုမရှိပေမယ့် ၁၂၂ မီလီမီတာ အမြောက်တစ်လက်အတွက်တော့ အားသာချက်များစွာကို ပိုင်ဆိုင်ထားဆဲဖြစ်တာကြောင့် ထိရောက်မှုရှိတဲ့ပစ်ကူကို အချိန်တိုအတွင်းပေးစွမ်းနိုင်ပါတယ်။

အခုစစ်ရေးပြအခမ်းအနားမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထုတ်ဖော်ပြသခဲ့တဲ့ သံချပ်ကာတိုက်ယာဉ်အသစ်များရဲ့စွမ်းဆောင်ရည်ကိုကြည့်ရင် ပစ်အားနဲ့အတူ လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားအောင် ဖန်တီးထုတ်လုပ်ထားတာတွေ့ရပါတယ်။ ဒါ့အပြင် မျိုးဆက်သစ်တင့်တွေမှာဆိုရင်လည်း လူမဲ့နည်းပညာများကိုသာမက ဉာဏ်ရည်တုနည်းပညာ (AI) များကိုပါ တွဲဖက်အသုံးပြုလာတဲ့အပြင် သံချပ်ကာတပ်ဖွဲ့ရဲ့ တိုက်စွမ်းအားပိုမိုမြင့်မားလာစေဖို့ ကွန်ရက်ချိတ်ဆက်မှုနည်းပညာကိုလည်း အသုံးပြုလာတာတွေ့ရပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကမ္ဘာ့အင်အားကြီးတပ်မတော်တစ်ရပ်ဖြစ်တာနဲ့အညီ သူတို့ကိုင်တွယ်အသုံးပြုနေတဲ့စစ်လက်နက်ပစ္စည်းများကလည်း ကမ္ဘာ့အဆင့်မီလက်နက်များဖြစ်လာရပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ သံချပ်ကာတိုက်ယာဉ်များရဲ့စွမ်းဆောင်ရည်နဲ့ အသုံးပြုထားတဲ့နည်းပညာကိုကြည့်ခြင်းအားဖြင့် အနာဂတ်စစ်ပွဲမှာနည်းပညာကိုအဓိကအသားပေးအသုံးပြုနိုင်စေဖို့ အခုကတည်းက ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေတာကို မြင်တွေ့ရကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Ref: Xinhua, DS**

**သူရိန်၊ ကိုထက်**

# ဒိုဟာ၌ အစ္စရေး၏ တိုက်ခိုက်မှုက ဂါဇာဆွေးနွေးပွဲကို ပျက်ပြားစေရန် ရည်ရွယ်ခြင်းဖြစ်ဟုဆို

**ဒိုဟာ၊ နိုင်ငံရေး**

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမက်အဖွဲ့ဝင်များနေထိုင်ရာနေရာကို အစ္စရေးက ဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခြင်းသည် လက်ရှိလုပ်ဆောင်နေသော ဂါဇာဆွေးနွေးပွဲကို ပျက်ပြားစေရန် ရည်ရွယ်နေခြင်းဖြစ်ကြောင်း ကာတာမင်းသားတာမင်ဘင်ဟာမတ်အယ်သာနီက စက်တင်ဘာလ ၁၅ ရက်တွင်ပြောသည်။

အာရပ်နှင့် မူဆလင်နိုင်ငံများမှ ခေါင်းဆောင်များက အစ္စရေး၏တိုက်ခိုက်မှုနှင့်ပတ်သက်၍ ကာတာနိုင်ငံ ဒိုဟာမြို့၌ အရေးပေါ်အစည်းအဝေးကျင်းပစဉ် ကာတာမင်းသားက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ အာရပ်အဖွဲ့ချုပ်နှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်အနေဖြင့် အစ္စရေးအပေါ်ဖိအားပေးနိုင်ရေးအတွက် ကာတာနိုင်ငံက ယခုအစည်းအဝေးကိုဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်တွင်လုပ်ဆောင်သော အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း ဒိုဟာမြို့ရှိဟားမက်အဖွဲ့မှထိပ်တန်းခေါင်းဆောင်များ အသက်ရှင်သန်ခဲ့ပြီး သေဆုံးသူခြောက်ဦးရှိကြောင်းနှင့်အစ္စရေး၏ အဆိုပါတိုက်ခိုက်မှုကို နိုင်ငံအများအပြားက ကန့်ကွက်ထားကြောင်း သိရသည်။ **Ref: AGC**

# အမေရိကန်နှင့်တရုတ်တို့ကြား ကုန်သွယ်ရေးဆွေးနွေးမှုက အောင်မြင်မှုရရှိဟု ထရမ့်ပြော



**မက်ဒရစ်၊ စီးပွားရေး**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ ကုန်သွယ်ရေးတာဝန်ရှိသူများကြား လုပ်ဆောင်သည့် ကုန်သွယ်ရေးဆွေးနွေးမှုကအောင်မြင်မှုရရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာလ ၁၅ ရက်တွင်ပြောသည်။ ထိုအောင်မြင်မှုတွင် TikTokကိစ္စပါဝင်သည့် သဘောတူညီချက်တစ်ခုပါဝင်ကြောင်းနှင့် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ယခုသီတင်းပတ်အကုန်ပိုင်းတွင် စကားပြောဆိုသွားရန် စီစဉ်ထားကြောင်း ထရမ့်ကဆက်ပြောသည်။

အမေရိကန်နိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ် ဘဏ္ဍာရေးဝန်ကြီးစကော့ဘတ်ဆန့်က တရုတ်နိုင်ငံမှကုန်သွယ်ရေးကိုယ်စားလှယ်များနှင့်ဆွေးနွေးမှုတွင် TikTok သဘောတူညီချက်အတွက် မူဘောင်တစ်ခုကိုရရှိခဲ့ကြောင်း ဆွေးနွေးပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ ထို့ပြင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှခေါင်းဆောင်များက စက်တင်ဘာလ ၁၉ ရက်တွင် စကားပြောဆိုကာ သဘောတူညီချက်ကို အပြီးသတ်ရန်စီစဉ်ထားသည်ဟု စကော့ဘတ်ဆန့်ကဆက်ပြောသည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် ByteDance ကပိုင်ဆိုင်ထားသော TikTok လူမှုကွန်ရက်အတွက် သဘောတူညီချက်နှင့်ပတ်သက်၍ အချက်အလက်အချို့ကို သတင်းထောက်များကမေးမြန်းရာ အဆိုပါလူမှုကွန်ရက်ကို အမေရိကန်နိုင်ငံအတွင်း အမေရိကန်ကထိန်းချုပ်ထားသော ပိုင်ဆိုင်မှုအောက်တွင် ဆက်လက်လည်ပတ်သွားနိုင်ခြေရှိကြောင်း၊ သို့သော် သဘောတူညီချက်ကို နိုင်ငံနှစ်ခုခေါင်းဆောင်နှစ်ဦးကအပြီးသတ်ပေးမည်ဖြစ်ကြောင်း ဘတ်ဆန့်က ပြောထားသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပွားနေစဉ် နှစ်နိုင်ငံတာဝန်ရှိသူများက ယခုကဲ့သို့ တံခါးပိတ်တွေ့ဆုံဆွေးနွေးမှုကိုလုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံဒုတိယဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နောက်ပိုင်းတွင်သတင်းစာရှင်းလင်းပွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: SCMP**

# တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပူးတွဲလေတပ် လေ့ကျင့်ခန်း လုပ်ဆောင်မည်

**ပေကျင်း၊ ပူးပေါင်းဆောင်ရွက်မှု**

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပူးတွဲလေတပ်လေ့ကျင့်ခန်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၅ ရက်တွင်ပြောသည်။

အဆိုပါပူးတွဲလေတပ်လေ့ကျင့်ခန်းကို ယခုလကုန်ပိုင်းတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်က စစ်သုံးလေယာဉ်အမျိုးမျိုးအပြင် မြေပြင်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို စေလွှတ်ကာ လေ့ကျင့်ခန်းတွင်ပါဝင်စေမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၏ဝက်ဆိုက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ပူးတွဲလေတပ်လေ့ကျင့်ခန်းလုပ်ဆောင်ခြင်းသည် လေ့ကျင့်ခန်းတွင်ပါဝင်သောတပ်ဖွဲ့များနှင့် တပ်ဖွဲ့ဝင်များအနေဖြင့် နည်းပညာပိုင်းနှင့်နည်းဗျူဟာပိုင်းတို့တွင် ပိုမိုကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် အဆိုပါပူးတွဲလေတပ်လေ့ကျင့်ခန်းကိုလုပ်ဆောင်ခြင်းအားဖြင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ကြား အပြန်အလှန်ယုံကြည်မှုခိုင်မာကာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# အင်ဒိုနီးရှားအစိုးရက ရူပီးယား ၁၆ ထရီလီယံကျော်အသုံးပြုမည့် စီးပွားရေးနှိုးဆွမှုအစီအစဉ်ကိုထုတ်ပြန်

**ဂျကာတာ၊ စီးပွားရေး**

အင်ဒိုနီးရှားအစိုးရက နိုင်ငံ၏စီးပွားရေးကိုနှိုးဆွနိုင်ရေးအတွက် ရူပီးယား ၁၆ ထရီလီယံကျော်အသုံးပြုမည့်အစီအစဉ်တစ်ရပ်ကို စက်တင်ဘာလ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ရူပီးယား ၁၆ ဒသမ ၂၃ ထရီလီယံအသုံးပြုမည့် အဆိုပါစီးပွားရေးနှိုးဆွမှုအစီအစဉ်တွင် အစားအစာများထောက်ပံ့ပေးမှုနှင့် အခြေခံအဆောက်အဦတည်ဆောက်ရေးအစီအစဉ်တစ်ရပ်တို့ပါဝင်သည်။ အဆိုပါတည်ဆောက်ရေးအစီအစဉ်ကြောင့် လူဦးရေခြောက်သိန်းကျော်ကို ယာယီအလုပ်အကိုင်များဖန်တီးပေးနိုင်မည်ဖြစ်သည်။




အဆိုပါစီးပွားရေးနှိုးဆွမည့်အစီအစဉ်ကို ယခုနှစ်၏ စတုတ္ထသုံးလပတ်ကာလတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အချို့သောအစီအစဉ်များကို ၂၀၂၆ ခုနှစ်အထိ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးက သတင်းထောက်များကို ပြောသည်။

အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ဒုတိယသုံးလပတ်ကာလအတွင်း စီးပွားရေးတိုးတက်မှုသည် ၅ ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါပမာဏသည် နှစ်နှစ်အတွင်း အကောင်းဆုံးတိုးတက်မှုဖြစ်သော်လည်း တတိယသုံးလပတ်တွင်မူ စီးပွားရေးတိုးတက်မှုကျဆင်းမည့်အရိပ်လက္ခဏာများမြင်တွေ့နေရကြောင်း အစိုးရတာဝန်ရှိသူအချို့ကပြောသည်။

ထိုအစီအစဉ်အရ အိမ်ထောင်စု ၁၈ သန်းကျော်ကို ဆန် ၁၀ ကီလိုဂရမ်စီထောက်ပံ့ကာ ခရီးသွားကဏ္ဍရှိအလုပ်သမားများထံမှ ဝင်ငွေခွန်ကောက်ခံမှုကိုဖယ်ရှားပြီး လူပေါင်းခြောက်သိန်းကျော်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် ရူပီးယား ၅ ဒသမ ၃ ထရီလီယံအသုံးပြုသွားမည်ဖြစ်သည်။ **Ref: ST**

# ရုရှားက ယူကရိန်းအရေးဆွေးနွေးရန် ဆန္ဒပြောင်းလဲခြင်းမရှိဟုဆို




**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်လိုသည့်ဆန္ဒမှာ ယခင်အတိုင်းပြောင်းလဲခြင်းမရှိကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က စက်တင်ဘာလ ၁၅ ရက်တွင်ပြောသည်။

ရုရှားနိုင်ငံသည် ဆွေးနွေးမှုများလုပ်ရန် အသင့်ရှိကာ လမ်းဖွင့်ပေးထားကြောင်း၊ ယူကရိန်းပဋိပက္ခကို နိုင်ငံရေးနှင့်သံတမန်ရေးနည်းလမ်းများဖြင့် ဖြေရှင်းရန်အသင့်ရှိနေဆဲဖြစ်ကြောင်း ပက်စကော့က သတင်းထောက်များကိုပြောသည်။

တစ်ချိန်တည်းမှာပင် ဥရောပဒေသက ယူကရိန်းပဋိပက္ခဖြစ်ပွားရသည့် အခြေခံအကြောင်းရင်းများကိုဖြေရှင်းရန်လိုအပ်မှုကို အာရုံစိုက်လိုခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် ကြားဝင်စွက်ဖက်ခြင်းသာ လုပ်ဆောင်နေကြောင်းနှင့် NATO တပ်ဖွဲ့သည် ရုရှားနိုင်ငံနှင့်စစ်ဖြစ်နေပြီဖြစ်ကြောင်း ပက်စကော့ကပြောသည်ဟုသိရသည်။

**Ref: Sputnik**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

ဒေါက်တာဆန်းဝင်းနှင့်အဖွဲ့
(ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ကမ္ဘာ့မြေထုကို လေထုအလွှာလေးလွှာက ဝန်းရံထားသည်။ လူနှင့်သတ္တဝါတို့အတွက် လေသည် မရှိမဖြစ်လိုအပ်သော ပြန်ပြည့်မြဲသဘာဝသယံဇာတတစ်မျိုးဖြစ်သည်။ လူသတ္တဝါတို့နှင့် အနီးဆုံးလေထုအလွှာမှာ လေထုပထမအလွှာဖြစ်သည့် ထရိုပိုစဖီးယားအလွှာဖြစ်သည်။ ပုံမှန်အားဖြင့် လေထုထဲတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ ၁ ရာခိုင်နှုန်းပါဝင်ပြီး လူအပါအဝင်သတ္တဝါတို့၏ကျန်းမာရေးအတွက် အထောက်အကူပြုသည်။ ကမ္ဘာမြေ ခေါ် ကမ္ဘာဂြိုဟ်မှာ နေစကြဝဠာအဖွဲ့အစည်းအတွင်း ဖွဲ့စည်းဖြစ်ပေါ်နေသဖြင့် နေစွမ်းအင်သည် ကမ္ဘာပေါ်ရှိ သက်ရှိ၊ သက်မဲ့ဒြပ်ထုများ၏ ဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ်အပေါ်ထိန်းကျောင်းနေသည့် သဘောသဘာဝရှိသည်။ နေမှအပူနှင့် အလင်းစွမ်းအင်ကိုအဓိကထုတ်လွှတ်ရာတွင် နျူကလီးယားပေါင်းစည်းမှုဖြစ်စဉ် (Nuclear Fusion) အရ အပူနှင့်အလင်းစွမ်းအင်ဦးစွာထွက်ပေါ်လာပြီး နေစကြဝဠာအတွင်းသို့ လျှပ်စစ်သံလိုက်လှိုင်း (electromagnetic radiation (EM wave))အနေဖြင့် ဖြန့်ကြက်ပေးလျက်ရှိသည်။ လျှပ်စစ်သံလိုက်လှိုင်းတွင် အနီအောက်ရောင်ခြည်(infrared)၊ သာမန်မျက်စိဖြင့်မြင်နိုင်သောရောင်ခြည်(အလင်း) (visible light) နှင့် ခရမ်းလွန်ရောင်ခြည်များ (Ultraviolet rays – UVA, UVB, UVC) ပါဝင်သည်။ ခရမ်းလွန်ရောင်ခြည်များသည် လေထုအပြင်ဆုံးအလွှာ (Exosphere)၊ လေထုစတုတ္ထအလွှာ (Thermosphere)၊ တတိယအလွှာ (Mesosphere)တို့ကို လွတ်လပ်စွာဖြတ်သန်းနိုင်သော်လည်း လေထုဒုတိယအလွှာ၏ အပြင်လွှာသို့ ရောက်ရှိသည့် အိုဇုန်းအလွှာ၏စုပ်ယူတားဆီးခြင်းခံရသည်။ အဆိုပါဖြစ်စဉ်တွင် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအနက် UVB နှင့် UVC တို့မှာ အိုဇုန်းလွှာ၏စုပ်ယူထိန်းထားခြင်းခံရပြီး UVA တစ်မျိုးသာ အိုဇုန်းလွှာကို ၉၅ ရာခိုင်နှုန်းဖြတ်သန်းပြီး ကမ္ဘာမြေသို့ အများဆုံးရောက်ရှိသည်။


### နေရောင်ခြည်၏ကောင်းကျိုးနှင့်ဆိုးကျိုး

နေရောင်ခြည်သည် ကမ္ဘာမြေအတွက်ကောင်းကျိုးများစွာအကျိုးပြုလျက်ရှိနေသော်လည်း နေရောင်ခြည်လွန်ကဲစွာ ထိတွေ့ခံစားရပါက ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။ Sunburn ဟုခေါ်သော နေလောင်ခြင်းဖြစ်ရခြင်းမှာ နေရောင်အောက်တွင် ကြာရှည်အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းများပြုလာသည့်အခါ နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV)နှင့် ထိတွေ့မှုများသည့်အတွက်ကြောင့်ဖြစ်သည်။ လူတို့၏အရေပြားအောက်ရှိ melanocyte ဆဲလ်များက ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်မှ တားဆီးကာကွယ်ရန်အတွက် melanin များ ထုတ်ပေးသော်လည်း ခရမ်းလွန်ရောင်ခြည်က ခန္ဓာကိုယ်ခုခံကာကွယ်နိုင်စွမ်းထက် ပိုများလာသည့်အခါ နေလောင်ခြင်းဝေဒနာကိုခံစားကြရသည်။

### အိုဇုန်းလွှာ

ကမ္ဘာမြေကြီးကိုဝန်းရံထားသည့်လေထုကို လေထုအပူချိန်ပေါ်မူတည်ပြီး လေထုအလွှာလေးခုဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ခဲ့သည်။ ပထမအလွှာမှာ ထရိုပိုစဖီးယား (Troposphere) ဖြစ်ပြီး မြေမျက်နှာပြင်မှစတင်၍ အမြင့် ၈ မှ ၁၅ ကီလိုမီတာအထိလည်းကောင်း၊ ဒုတိယအလွှာမှာစထရာတိုစဖီးယား(Stratosphere)ဖြစ်ပြီး ထရိုပိုစဖီးယားအလွှာမှာ အမြင့် ၅၀ ကီလိုမီတာအထိလည်းကောင်း၊ တတိယအလွှာမှာ မီဆိုစဖီးယား (Mesosphere)ဖြစ်ပြီး အမြင့် ၅၀ မှ ၈၅ ကီလိုမီတာအထိလည်းကောင်း၊ စတုတ္ထအလွှာမှာ သာမိုစဖီးယား (Thermosphere) ဖြစ်ပြီး အမြင့် ၈၅ ကီလိုမီတာမှ ကီလိုမီတာ ၆၀၀ အထိလည်းကောင်း အသီးသီးတည်ရှိသည်။ အိုဇုန်းလွှာသည်ကမ္ဘာ့လေထု၏ဒုတိယအလွှာ(Stratosphere) တွင် ပါးလွှာသည့်အငွေ့တန်းအဖြစ် တည်ရှိနေသည်။

ကောင်းမွန်သည့် အိုဇုန်းလွှာမှာ ပျမ်းမျှ ၂၂၀ ဒေါ့ဘ်ဆန်ယူနစ် (Dobson Unit – DU) ရှိပြီး အဆိုပါ




အထူထက် လျော့နည်းပါက အိုဇုန်းလွှာပါးလွှာခြင်း (သို့မဟုတ်) အပေါက်ဖြစ်ခြင်း(Ozone hole) ဟု သတ်မှတ်သည်။

### အိုဇုန်းလွှာ၏ အရေးပါပုံ

အိုဇုန်းလွှာသည်လေထုအတွင်း သဘာဝအလျောက်တည်ရှိသည့် အိုဇုန်းဓာတ်ငွေ့များဖြင့်ဖွဲ့စည်းထားသော ပါးလွှာသည့်အလွှာတစ်ခုဖြစ်ပြီး ကမ္ဘာမြေကို နေရောင်ခြည်၏ အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်များမှကာကွယ်ပေးကာ ကမ္ဘာပေါ်ရှိ သက်ရှိများ ရှင်သန်ရေးအတွက်အထောက်အကူပြုသည်။ ကျွန်ုပ်တို့လူသားများအပါအဝင် သက်ရှိသတ္တဝါနှင့်အပင်များကို အလွန်အန္တရာယ်ဖြစ်စေနိုင်သည့် နေရောင်ခြည်တွင်ပါလာသော ခရမ်းလွန်ရောင်ခြည်(Ultra Violet Radiation– UV)ကို ကမ္ဘာ့အိုဇုန်းလွှာက ထီးသဖွယ်ကာကွယ်တားဆီးပေးသည်။ ထိုကဲ့သို့ သဘာဝကဖန်တီးပေးထားသည့် အိုဇုန်းလွှာထိခိုက်ပျက်စီးသွားမည်ဆိုပါက နေရောင်ခြည်နှင့်အတူပါလာမည့် ခရမ်းလွန်ရောင်ခြည်များ မြေပြင်ပေါ်ကို ကျရောက်လာပြီး လူနှင့်သတ္တဝါများအားလုံး ရောဂါဘေးအန္တရာယ်များစွာနှင့် မလွဲမသွေရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်သည်။

လူသားတို့၏ ကျန်းမာရေးအတွက် အကာအကွယ်အပြည့်အဝပေးနိုင်ရန် အိုဇုန်းလွှာ၏ ပျမ်းမျှရှိရမည့်အထူ ၃၀၀ ဒေါ့ဘ်ဆန်ယူနစ်ရှိရမည့်အစား ၁၉၈၁–၁၉၈၂ ခုနှစ်တွင် ၂၂၀ ဒေါ့ဘ်ဆန်ယူနစ်အောက်သာရှိကြောင်း တွေ့ရှိချက်အရ အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာပါးလွှာမှုကို ပထမဆုံးအိုဇုန်းအပေါက် ဟု ခေါ်ဝေါ်သိရှိခဲ့ကြခြင်းဖြစ်သည်။

### ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးလှုပ်ရှားမှုများသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အန္တာတိကတိုက်အပေါ်ဘက်ရှိလေထု၏ဒုတိယအလွှာ (Stratosphere) တွင်တည်ရှိသည့် အိုဇုန်းလွှာအပေါက်ဟုခေါ်သော သာမန်ထက်အလွန်ပါးလွှာသည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိရာမှစတင်၍ အစပြုခဲ့ခြင်းဖြစ်သည်။


အိုဇုန်းလွှာ၏ အရေးပါမှုနှင့်အိုဇုန်းလွှာကို ကာကွယ်ရန် လိုအပ်သည့်လုပ်ဆောင်ချက်များကို အသိပညာပေးရန်ရည်ရွယ်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို စက်တင်ဘာလ ၁၆ ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

### အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု

သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းမျိုးမရှိသော်လည်း အအေးပေးစနစ်များနှင့်မီးသတ်ဆေးဘူးများတွင် အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည် သို့မဟုတ် အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသကဲ့သို့ ကမ္ဘာ့လေထုအပူချိန်ကိုပါ ပိုမိုတိုးပွားစေသည့်အာနိသင်ကြောင့် ရာသီဥတုစနစ်အတွင်း ပြောင်းလဲမှုများကို ဖြစ်ပွားစေသည်။ ကလိုရိုဖလူရိုကာဗွန် (CFCs)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) စသည့်ကလိုရင်းပါဝင်သော ဓာတ်ငွေ့များသည် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းများဖြစ်သကဲ့သို့ ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential–GWP)မြင့်သည့် မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များဖြစ်သည့်အတွက် နေမှ ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ ဖြာထွက်ကျလာသော ရောင်ခြည်များမှ အပူစွမ်းအင်နှင့် ကမ္ဘာ့မျက်နှာပြင်မှပြန်ထွက်လာသောအပူကို ဖမ်းယူထားပြီး ကမ္ဘာ့လေထုကို ပိုမိုပူနွေးစေသည်။ ကလိုရိုဖလူရိုကာဗွန် (CFCs) ဓာတ်ငွေ့များသည် လေထုအတွင်း ၅၅ နှစ်မှ နှစ်ပေါင်း ၁၄၀ အထိလည်းကောင်း၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) ဓာတ်ငွေ့များသည် ၁၃ နှစ်အထိလည်းကောင်း တည်ရှိနိုင်သည့်အပြင် ၎င်းတို့တွင်ပါဝင်သည့် ကလိုရင်းအက်တမ်တစ်လုံးသည် စထရာတိုစဖီးယား (Stratosphere) လေထုအလွှာရှိ အိုဇုန်းမော်လီကျူးအရေအတွက် ၁၀၀၀၀၀ အထိကို ဖြိုခွဲဖျက်ဆီးနိုင်သဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဖြစ်စဉ်များနှင့်အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တွန်းအားပေးနေကြောင်း သိပ္ပံဆိုင်ရာသုတေသနများအရ တွေ့ရှိရသည်။

### အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပြင်ဆင်ချက်များ

အိုဇုန်းလွှာပျက်စီးမှုနှင့် အကျိုးဆက်များဖြစ်သည့် လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ထိန်းချုပ်ရန် ၁၉၈၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ဦးဆောင်ပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone Layer)ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် (The Montreal Protocol on Substances that Deplete the Ozone Layer) ကိုချုပ်ဆိုနိုင်ခဲ့သည်။ ဆက်လက်၍ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းအသစ်များကို ထပ်မံတွေ့ရှိလာရသည့်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပြင်ဆင်ချက်များဖြစ်သည့် ၁၉၉၀ ပြည့်နှစ် လန်ဒန်ပြင်ဆင်ချက် (London Amendment)၊ ၁၉၉၂ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက် (Copenhagen Amendment)၊ ၁၉၉၇ ခုနှစ် မွန်ထရီရယ်ပြင်ဆင်ချက် (Montreal Amendment) နှင့် ၁၉၉၉ ခုနှစ် ပေကျင်းပြင်ဆင်ချက် (Beijing Amendment)ဟူ၍ လေးကြိမ်တိုင်တိုင် ထပ်မံပြင်ဆင်ကာ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ (Ozone Depleting Substances) ထုတ်လုပ်မှုနှင့်သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်၍ ဆောင်ရွက်လျက်ရှိသည်။ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများအဖြစ် ကလိုရိုဖလူရိုကာဗွန်(CFCs)နှင့် ဟေလွန်အမျိုးအစားဒြပ်ပစ္စည်း ရှစ်မျိုးတို့ကို စတင်ထိန်းချုပ်ကန့်သတ်ခဲ့သည်။




Antarctic နှင့် Arctic ဝင်ရိုးစွန်းရှိ National Aeronautics and Space Administration (NASA)မှ ရိုက်ကူးထားသော false-color view of total ozone ပုံများဖြစ်ပါသည်။

စာမျက်နှာ ၂၆ သို့ ●

● **စာမျက်နှာ ၂၅ မှအဆက်**

အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ကမ္ဘာ့ပူနွေးမှုအလားအလာ မြင့်မားသည့် ဒြပ်ပစ္စည်းများကိုပါ လျှော့ချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ပြုလုပ်ခဲ့သည့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သဘောတူချမှတ်ခဲ့သည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) သုံးစွဲမှု လျှော့ချရေးဆိုင်ရာ ကီဂါလီပြင်ဆင်ချက်ကို မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ပဉ္စမအကြိမ်မြောက် ပြင်ဆင်ချက်အဖြစ်ပြုလုပ်ခဲ့သည်။

**အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်များတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မှု**

အိုဇုန်းလွှာပျက်စီးမှုနှင့် အကျိုးဆက်များဖြစ်သည့် လူသားတို့၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုထိန်းချုပ်ရန် အိုဇုန်းလွှာကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို မြန်မာနိုင်ငံကလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုသည့်အနေဖြင့် ၁၉၉၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်တို့ကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်ကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ မွန်ထရီရယ်ပြင်ဆင်ချက်နှင့် ပေကျင်းပြင်ဆင်ချက်တို့ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံနှင့် ကီဂါလီပြင်ဆင်ချက်**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ လျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကီဂါလီပြင်ဆင်ချက်အား အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs)သုံးစွဲမှုနှင့်ပတ်သက်သည့် အချက်အလက်များကောက်ယူခြင်း၊ နိုင်ငံအဆင့် အစီရင်ခံစာရေးသားခြင်း၊ နိုင်ငံအဆင့်အစီရင်ခံစာပါ အချက်အလက်များကို အတည်ပြုနိုင်ရေး ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းများဆောင်ရွက်လျက်ရှိသည်။

မွန်ထရီရယ်သဘောတူစာချုပ်၏ ပဉ္စမအကြိမ်မြောက်ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်သည် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs)အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများ သုံးစွဲမှုကိုလျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ပြင်းထန်သဘာဝဘေးအန္တရာယ်များကို လျှော့ချပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ အဆိုပါပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်အထိ ကီဂါလီပြင်ဆင်ချက်အား အတည်ပြုလက်မှတ်ရေးထိုးပြီးသည့်နိုင်ငံပေါင်း ၁၆၄ နိုင်ငံရှိသည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက်မှ ကီဂါလီပြင်ဆင်ချက်အား အတည်ပြုလက်မှတ်ရေးထိုးပြီးသည့်နိုင်ငံပေါင်း ရှစ်နိုင်ငံရှိပြီး မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့သည် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်ကျန်ရှိနေသည်။

**၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့**

ကျွန်ုပ်တို့လူသားများနှင့် ကမ္ဘာမြေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် အိုဇုန်းလွှာ၏ အရေးပါမှုနှင့် အိုဇုန်းလွှာကို ကာကွယ်ရန်လိုအပ်သည့် လုပ်ဆောင်ချက်များကို မွန်ထရီရယ်သဘောတူစာချုပ်၏ အရေးကြီးသောလုပ်ငန်းစဉ်များအဖြစ် အများပြည်သူအကြား ပိုမိုသတိပြုမိစေရန်ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပဆောင်ရွက်ရခြင်းဖြစ်သည်။

မွန်ထရီရယ်သဘောတူစာချုပ်သည် အားကောင်းသော ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်အဖြစ် အသိအမှတ်ပြုပြီး အိုဇုန်းလွှာကာကွယ်မှု မည်မျှတိုးတက်လာသည်ကို သတိပြုမိစေရန် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်အဖြစ် **“အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး” "From science to global action"** ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် စံချိန်တင်အပူချိန်မှတ်တမ်းများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ကမ္ဘာကြီးသည် အပူချိန်ဆက်လက်မြင့်တက်လာသည်နှင့်အမျှ အအေးပေးရန်လိုအပ်ချက်သည်လည်း လျင်မြန်စွာတိုးတက်လျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကို လျော့ပါးသက်သာစေရန် နည်းလမ်းများကို ရှာဖွေရာတွင် သိပ္ပံပညာရပ်ဆိုင်ရာသုတေသနသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်၊ သိပ္ပံပညာရပ်ဆိုင်ရာသုတေသနတွေ့ရှိချက်များနှင့်အညီ ပြင်ဆင်ချမှတ်ခဲ့သည့် ကီဂါလီပြင်ဆင်ချက်သည်သိသာထင်ရှားသော ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ၎င်းကိုကမ္ဘာလုံးဆိုင်ရာ အတည်ပြုပြီး စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုခြင်းများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဆိုပါက ရာစုနှစ်အကုန်တွင် ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာထိန်းချုပ်ကြိုးပမ်းမှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၁၃၅ ဘီလီယံတန်နှင့်ညီမျှသည့် အိုဇုန်းလွှာပျက်စီးစေသောဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်ခဲ့ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကိုလည်း ခုခံတိုက်ဖျက်နိုင်ခဲ့သည်။ ယခုအခါ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ၏ ၉၉ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီးဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် အိုဇုန်းလွှာ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် သိပ္ပံနည်းကျဆန်းစစ်မှုများအရ အိုဇုန်းလွှာပျက်စီးမှုသည် ၂၀၀၀ ပြည့်နှစ်၏နောက်ပိုင်း၌ ဆယ်စုနှစ်တစ်ခုစီတိုင်းတွင် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာကြောင်း တွေ့ရှိရသည်။ သိပ္ပံဆိုင်ရာခန့်မှန်းချက်များအရ မြောက်ကမ္ဘာခြမ်းနှင့် အလယ်ပိုင်းဒေသများရှိ အိုဇုန်းလွှာသည် ၂၀၃၀ ပြည့်လွန်နှစ်များတွင်လည်းကောင်း၊ တောင်ကမ္ဘာခြမ်းရှိ အိုဇုန်းလွှာသည် ၂၀၅၀ ပြည့်လွန်နှစ်များတွင်လည်းကောင်း၊ ဝင်ရိုးစွန်းဒေသရှိ အိုဇုန်းလွှာသည် ၂၀၆၀ ပြည့်နှစ်တွင်လည်းကောင်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရှိရသည်။ ထပ်မံတွေ့ရှိရသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို မွန်ထရီရယ်သဘောတူစာချုပ်ဆိုင်ရာ နောက်ဆက်တွဲပြင်ဆင်ချက်များဖြင့် ထိန်းချုပ်ရာတွင် အောင်မြင်မှုရရှိခဲ့ရာ အန္တာတိကတိုက်၏အပေါ်ဘက်ရှိ အိုဇုန်းပမာဏသည် ၂၀၆၆ ခုနှစ်တွင် ၁၉၈၀ ပြည့်နှစ်က ရှိခဲ့သောအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကာ အိုဇုန်းလွှာသည် ပြန်လည်ကျန်းမာကောင်းမွန်လာနိုင်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံသည် မွန်ထရီရယ်သဘောတူစာချုပ်၏ နောက်ဆက်တွဲပြင်ဆင်ချက်များအရ ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အဓိကအသုံးပြုသည့် ဒြပ်ပစ္စည်းများဖြစ်သော ကလိုရိုဖလူရိုကာဗွန် (CFCs) ကို အပြီးသတ်တားမြစ်ခဲ့ပြီးဖြစ်၍ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs)နှင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs)တို့ကို အစားထိုးသုံးစွဲခွင့်ပြုခဲ့သည်။ ၎င်းအပြင် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပြုပြင်ခြင်းကဏ္ဍတို့၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသည့် အဓိကဒြပ်ပစ္စည်းတစ်မျိုးဖြစ်သော R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) များတင်သွင်းအသုံးပြုမှုကို ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းသွားနိုင်ရန် ၂၀၁၅ ခုနှစ်မှစတင်၍ ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုကာ လျှော့ချထိန်းချုပ်ဆောင်ရွက်လျက်သည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် ကမ္ဘာ့နိုင်ငံများနည်းတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကီဂါလီပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးပါက ကမ္ဘာ့ပူနွေးမှုအလားအလာ(Global Warming Potential–GWP) မြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) သုံးစွဲခွင့်ကိုလျှော့ချမည်ဖြစ်ပြီး ကမ္ဘာ့ပူနွေးမှုအလားအလာနည်းပါးသည့် ဟိုက်ဒရိုကာဗွန် (HC) သို့မဟုတ် အမိုးနီးယားကဲ့သို့သော အစားထိုးအအေးပေးပစ္စည်းတို့ကို အသုံးပြုရမည်ဖြစ်သည်။

အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များသည် ပြည်သူတစ်ဦးတစ်ယောက်ချင်းမှစ၍ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မွန်ထရီရယ်သဘောတူစာချုပ်နှင့် နောက်ဆက်တွဲပြင်ဆင်ချက်များအတိုင်း အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိဘပြည်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကဏ္ဍအလိုက် ဌာနဆိုင်ရာအသီးသီး၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့တတ်နိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြပါရန် ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် **“အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး” "From science to global action"**နှင့်အတူ ထပ်မံအသိပေးနှိုးဆော်လိုက်ရပါသည်။ ။

# ပဲခူးမြို့၌ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁၅

အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ မိသားစုတစ်နိုင်တစ်ပိုင်ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်ရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရန်ငြိမ်းအေးခန်းမ၌ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာရပ်သင်တန်းများကို လအလိုက် နယ်ပယ်ဒေသအစုံတွင် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သောသင်တန်းများမှ သင်ကြားပေးလိုက်သည့်ပညာရပ်များသည် သင်တန်းပြီးဆုံးသည်နှင့် အလွယ်တကူလုပ်ငန်းထူထောင်နိုင်သော ပညာရပ်များဖြစ်သည့်အပြင် သင်တန်း၌ထူးချွန်သူ သင်တန်းသူများကို ရွေးချယ်၍ကိုယ်ပိုင်လုပ်ငန်းစတင်ထူထောင်နိုင်ရေး လုပ်ငန်းအလိုက် စက်ပစ္စည်းများ အခမဲ့ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းအတွက် ဂုဏ်ပြုငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ သင်တန်း၌သင်ကြားပေးသွားမည့် ထုတ်ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖြစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်(Bakery, Ice Cream)ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်းတို့တွင် သင်တန်းသား၊ သင်တန်းသူ ၁၀၆ ဦးကို



နေရာအသီးသီးခွဲ၍ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးပြီး သိရှိလိုသည်များကို မေးမြန်းစဉ်။

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကိုယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာအချက်အလက်များနှင့် မဲပေးစက်အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မဲပေးခြင်းဆိုင်ရာရည်ရွယ်ချက်များ၊ အသုံးပြုပုံနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားနှစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသားနှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့်ပြည်ပနိုင်ငံသားများအားသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၃၈၇ ဦးစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၈၂ ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသားနှစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များကဆောင်ရွက်စဉ်။

## (၁၅-၉-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




**စာပေမြင့်မှ လူမျိုးတင့်မည်**

**အမည်မှန်**
အဘ ဦးသန်းမင်းဦး၏သမီး ဘီးလင်းမြို့၊ အ.ထ.က(ရွှေလှေ)ကျောင်း၊ Grade-12 မှ မနော်ရင်မွေး၏အမည်မှန်မှာ နော်ရင်မွေး ၁၀/ဘလန(နိုင်)၂၃၃၃၈၇ ဖြစ်ပါကြောင်း။
နော်ရင်မွေး

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ သစ်အယ်ပင်(အထက-ခွဲ)ကျောင်းမှ၉/ကပတ(နိုင်)၁၄၆၇၁၁ ကိုင်ဆောင်သူ ဒေါ်ဆွေမာဦး(ခ)ဒေါ်ဆွေမာ(ထက်ပြ)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ဆွေမာဦး(ခ)ဒေါ်ဆွေမာ

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ သစ်အယ်ပင်(အထက-ခွဲ)ကျောင်းမှ ၁၃/ပတယ(နိုင်)၀၀၂၈၆၉ ကိုင်ဆောင်သူ ဒေါ်ရွှေဇင်ထိုက်(ခ)ဒေါ်ရွှေဇင်ထိင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ရွှေဇင်ထိုက်(ခ)ဒေါ်ရွှေဇင်ထိင့်

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ကြို့သက်(အထက)ကျောင်းမှ ဒေါ်ခွန်ဖူးငုံ(ထက်ပြ)၏ဖခင် ဦးခင်မောင်ရွှေ(ခ)ဦးခင်မောင်ဆွေ ၁၃/ပတယ(နိုင်)၀၁၀၀၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးခင်မောင်ရွှေ(ခ)ဦးခင်မောင်ဆွေ

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ သစ်အယ်ပင်(အထက-ခွဲ)ကျောင်းမှ ၁၃/ပတယ(နိုင်)၀၄၃၄၈၀ ကိုင်ဆောင်သူ ဒေါ်နုဇင်ထွေး(ခ)ဒေါ်ညွှန့်ညွှန့်ထွေး(ထက်ပြ)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်နုဇင်ထွေး(ခ)ဒေါ်ညွှန့်ညွှန့်ထွေး

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ကြို့သက်(အထက)ကျောင်းမှ ဒေါ်ယဉ်ယဉ်မြင့် (ဒု-လယ်ပြ)၏ ဖခင် ဦးလှရွှေ(ခ)ဦးလှရွှေထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးလှရွှေ(ခ)ဦးလှရွှေထွန်း

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ကြို့သက်(အထက)ကျောင်းမှ ဒေါ်စန္ဒာအိ(သန့်ရှင်းရေး)၏ဖခင် ဦးထွန်းငွေ(ခ)ဦးအောင်ငွေ ၁၃/ပတယ(နိုင်)၀၆၂၄၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးထွန်းငွေ(ခ)ဦးအောင်ငွေ

**တစ်ဦးတည်းဖြစ်ကြောင်း**
ပင်းတယမြို့၊ကြို့သက်(အထက)ကျောင်းမှ ဒေါ်စုစုဖြိုး(ထက်ပြ)၏ဖခင် ဦးအောင်ဖွေး(ခ)ဦးပွေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအောင်ဖွေး(ခ)ဦးပွေး

**ပျောက်ဆုံးကြောင်း**
ယဉ်လှဲ့ဝင်း(ဘ)ဦးတင်သန်း ၅/မရန(နိုင်) ၃၂၆၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၉၉၀၂၇၁၆

**ပျောက်ဆုံးကြောင်း**
ဝင်းထက်ကျော်(ဘ)ဦးနိုင်ဝင်း ၅/ယမပ(နိုင်) ၁၄၀၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၅၅၃၂၁

**ပျောက်ဆုံးကြောင်း**
နှင်းအိဖြူ(ဘ)ဦးသိန်းဝင်း ၉/ဥတသ(နိုင်) ၀၀၀၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 793516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၃၉၈၀၀၇

**ပျောက်ဆုံးကြောင်း**
ခင်သီတာ(ဘ)ဦးအုံးမြင့် ၁၂/ပဇတ(နိုင်) ၀၁၂၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၂၄၂၆၄

**ပျောက်ဆုံးကြောင်း**
ကြည်ထွန်း(ဘ)ဦးအောင်မြင့် ၉/မကန(နိုင်)၁၃၈၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၂၉၂၄၄၈

**ပျောက်ဆုံးကြောင်း**
မေသူငြိမ်း(ဘ)ဦးဘိုခိုင် ၈/မသန(နိုင်) ၁၃၀၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၆၉၉၆၉၈

**ပျောက်ဆုံးကြောင်း**
ခင်မူလှိုင်(ဘ)ဦးမြင့်သန်း ၇/အတန(နိုင်) ၀၇၄၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၄၉၀၅၁၇

**ပျောက်ဆုံးကြောင်း**
နွဲ့နွဲ့စန်း(ဘ)ဦးစစ်ငြိမ်း ၆/လလန(နိုင်) ၀၁၀၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၀၀၂၁၈၆

**ပျောက်ဆုံးကြောင်း**
ဖြိုးဝေမွန်(ဘ)ဦးမောင်မောင် ၁၄/ညတန(နိုင်)၁၂၅၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၆၃၆၇၃

**ပျောက်ဆုံးကြောင်း**
အောင်နိုင်ဦး(ဘ)ဦးထွန်းရွှေ ၁၂/အစန(နိုင်) ၁၅၂၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၈၃၅၇၁၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းရွှေ(ဘ)ဦးအုန်းရွှေ ၁/မစန(နိုင်) ၀၀၀၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သီဟအောင်(ဘ)ဦးစန်းအောင် ၇/ပမန(နိုင်) ၂၀၁၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နန်းကျော့ကျော့လှိုင်(ဘ)ဦးညွန့်လှိုင် ၇/ပခန(နိုင်)၂၆၂၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 453521)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပုလဲမဉ္ဇူမိုး(ဘ)ဦးမိုးမြင့်အောင် ၁၄/ဒဒရ(နိုင်)၂၃၂၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝင်းခန့်ကျော်(ဘ)ဦးစန်းမြင့် ၁၂/ဥကတ(နိုင်)၁၈၈၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 658080)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# လူငယ်ကစားသမား လူးကပ်ဘတ်ဗေးလ် စပါးအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားဖြစ်လာ




လန်ဒန် စက်တင်ဘာ ၁၅

လူငယ်ကစားသမား လူးကပ်ဘတ်ဗေးလ်သည် စပါးအသင်းသမိုင်းတစ်လျှောက်တွင် ပရီးမီးယားလိဂ်တစ်ပွဲတည်း၌ သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် ဒုတိယမြောက် အသက်အငယ်ဆုံးကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

လူးကပ်ဘတ်ဗေးလ်သည် ပရီးမီးယားလိဂ်ပွဲစဉ် (၄) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၅၇ မိနစ်၌ ဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲချိန် ၆၄ မိနစ်တွင်လည်း ဗန်ဒီဗန် ဂိုးသွင်းယူနိုင်စေရန် ဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့်အပြင် စပါးအသင်းအနေဖြင့်လည်း ဝက်စ်ဟမ်းအသင်းကို အဝေးကွင်း၌ ၃ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် လူငယ်ကစားသမားလူးကပ်ဘတ်ဗေးလ်သည် အသက် ၁၉ နှစ် ၂၂၃ ရက်ဖြင့် စပါးအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပါပြုလုပ်နိုင်သည့် ဒုတိယမြောက်အသက်အငယ်ဆုံးကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသမိုင်းတွင် ပရီးမီးယားလိဂ်တစ်ပွဲတည်း၌ သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားမှာ ၁၉၉၂ ခုနှစ်က နစ်ဘရမ်ဘီဆိုသူဖြစ်ပြီး ၎င်း၏အသက်မှာ ၁၈ နှစ်နှင့် ၃၂၀ ရက်ဖြစ်သည်။

ထို့ပြင် လူးကပ်ဘတ်ဗေးလ်သည် အဆိုပါပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

*Ref; Fotmo*

# မန်ယူအသင်းလူငယ်ကစားသမား မိန်နူးသည် ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားဖြစ်လာနိုင်ကြောင်း နည်းပြအမိုရင်ပြောကြား

မန်ချက်စတာ စက်တင်ဘာ ၁၅

မန်ယူအသင်းနည်းပြ အမိုရင်က လူငယ်ကစားသမား မိန်နူးသည် ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားဖြစ်လာနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မိန်နူးသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက မန်ယူအသင်းအတွက် ပွဲပေါင်း ၃၂ ပွဲပါဝင်ကစားထားပြီး အကောင်းဆုံးခြေစွမ်းပြကစားနိုင်သကဲ့သို့ ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းအတွက် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။

သို့သော် ၎င်းသည် မန်ယူအသင်းသို့ နည်းပြအမိုရင်ရောက်ရှိလာပြီးနောက် ပွဲထွက်ခွင့်ပျောက်ဆုံးနေသကဲ့သို့ ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်သုံးပွဲဆက်ပွဲထွက်ခွင့်မရှိခဲ့ဘဲ မန်စီးတီးအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် (၄) တွင် ပွဲချိန် ၆၂ မိနစ်၌ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရခဲ့သည်။


လူငယ်ကစားသမားမိန်နူးသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာခွင့်ပြုရန်တောင်းဆိုခဲ့ပြီး လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ပါဝင်နိုင်ရန် ပုံမှန်ပွဲထွက်ခွင့်ရမည့် အသင်းတစ်သင်းကို ရှာဖွေနေသည်ဟုလည်း သတင်းများထွက်ပေါ်ခဲ့သည်။

မိန်နူးကို စပါး၊ ရီးယဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြသော်လည်း မန်ယူအသင်းက အငှားထွက်ခွာခွင့်ကို ပိတ်ပင်ခဲ့ခြင်းကြောင့် အပြောင်းအရွှေ့ကိစ္စရပ်များ ရပ်တန့်ခဲ့ရသည်။

နည်းပြအမိုရင်က "မိန်နူးက လူငယ်ကစားသမားကောင်းတစ်ယောက်ပါ။ သူက သူ့နေရာအတွက် ကြိုးစားနေရတာကို အသားမကျသေးလို့ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တစ်ခါတလေ ကျွန်တော်က မိန်နူးဆီကနေ ဒီထက်ပိုပြီး မျှော်လင့်မိပါတယ်။ သူက ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမား တစ်ဦးဖြစ်လာနိုင်မှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# ဆိုစီဒက်စ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားတစ်ဦး အနီကတ်ပြသခံရပြီးနောက် စပိန်လာလီဂါဒိုင်မှတ်တမ်းကို ဖီဖာထံ ရီးယဲလ်မက်ဒရစ်အသင်းတင်ပြမည်



မက်ဒရစ် စက်တင်ဘာ ၁၅

ရီးယဲလ်မက်ဒရစ်အသင်းသည် ဆိုစီဒက်စ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားတစ်ဦး အနီကတ်ပြသခံရပြီးနောက် စပိန်လာလီဂါဒိုင်မှတ်တမ်းကို စာတမ်းပြုစု၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ထံ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၄)အဖြစ် ဆိုစီဒက်စ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ၂ ဂိုး-၁ ဂိုး ဖြင့် အနိုင်ရရှိပြီး အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမားဟူဆင်အနေဖြင့် ဆိုစီဒက်စ်အသင်းကစားသမား မီခေးလ်အိုယာဇာဘယ်၏ ဂိုးသွင်းယူမည့်အခွင့်အရေးကို တားဆီးမှုပြုလုပ်ခဲ့သည်ဟုဆိုကာ ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြသခဲ့ပြီး ထုတ်ပယ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ၁ ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်နေချိန် ပွဲချိန် ၃၂ မိနစ်တွင် ဟူဆင်သည် မီခေးလ်အိုယာဇာဘယ်၏ပခုံးကိုဆွဲကာ တားဆီးခဲ့ခြင်းဖြစ်ပြီး ဂိုးပေါက်နှင့်မီတာ ၅၀ အကွာတွင်ဖြစ်ပျက်ခဲ့သည့်ယင်းဖြစ်စဉ်ကို ကွင်းလယ်ဒိုင်က VAR စစ်ဆေးခြင်းမပြုလုပ်ခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက ဝေဖန်မှုများရှိနေကြောင်း သိရသည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါတွင် ခါးသီးသည့်ပြိုင်ဘက်အသင်းဖြစ်သော ဘာစီလိုနာအသင်းနှင့် နှိုင်းယှဉ်ပါက ဒိုင်လူကြီးများ၏ ဘက်လိုက်ဆုံးဖြတ်မှုများကို ယခင်ကတည်းက ခံနေရသည်ဟုယူဆကာ စာတမ်းပြုစု၍ ဖီဖာထံ တင်ပြမည်ဟု ကြေညာချက်ထုတ်ပြန်လာခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီနှင့် ယခုလာလီဂါပွဲစဉ်(၄)အပြီး ဖြစ်ပျက်ခဲ့သည်များနှင့်ပတ်သက်၍ စာတမ်းပြုစုသွားမည်ဖြစ်ကြောင်း၊ ယင်းစာတမ်းကို ဖီဖာထံ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့မှသာ စပိန်ဘောလုံးလောကတွင် ဒိုင်လူကြီးများ မည်သို့ပြုလုပ်နေကြသည်ကို သိစေမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းသည် ခါးသီးသည့်ပြိုင်ဘက် ဘာစီလိုနာအသင်းနှင့် နှိုင်းယှဉ်ပါက ဒိုင်လူကြီးများ၏ မမျှတသည့်ဆုံးဖြတ်ခြင်းများကို ခံယူနေကြရသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့် ၁၀ နှစ်ကျော်ကာလအတွင်း ဘာစီလိုနာအသင်းမှာ ကစားသမားတစ်ဦးအသာဖြင့် ကစားခဲ့ရသည့် နိုင်ပွဲ ၆၅ ပွဲအထိရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာ တစ်ယောက်လျော့ကစားကာ အနိုင်ရသည့်နိုင်ပွဲမှာ နှစ်ပွဲသာရှိခဲ့သည်ဟု အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားကြောင်း သိရသည်။

*Ref; Fotmob*

# နာပိုလီအသင်းနှင့် ပထမဆုံးပွဲစဉ်တွင် တိုက်စစ်မှူးဟွိုက်လန်း ဂိုးသွင်းယူနိုင်

ရောမ စက်တင်ဘာ ၁၅

မန်ယူအသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် တိုက်စစ်မှူးဟွိုက်လန်းသည် အသင်းနှင့် ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးဟွိုက်လန်းသည် ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နာပိုလီအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး လာမည့်နွေရာသီတွင် ပေါင် ၃၈ သန်းဖြင့် အပြီးသတ်ပြောင်းရွှေ့နိုင်မည့် အချက်လည်း ပါဝင်ခဲ့သည်။

ဟွိုက်လန်းသည် အီတလီစီးရီးအေပွဲစဉ် (၃) အဖြစ် ဖီအိုရင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၁၄ မိနစ်၌ ဒုတိယမြောက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး စီးရီးအေလက်ရှိချန်ပီယံ နာပိုလီအသင်းအနေဖြင့်လည်း ၃ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြကွန်တီ၏ နာပိုလီအသင်းသည် ယင်းနိုင်ပွဲကြောင့် သုံးပွဲကစား သုံးပွဲစလုံး အနိုင်ရရှိကာ ရမှတ်ကိုးမှတ်ရရှိထားပြီး ဂျူဗင်တပ်စ်အသင်းကို ဂိုးကွာခြားချက်အသာစီးဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

*Ref; Fabrizio Romano*


# အွန်လိုင်းမှတစ်ဆင့်တရားမဝင်ထီနှင့်ကုန်ပစ္စည်းများရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအားထောက်ပံ့ပေးလျက်ရှိသော DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့် ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်ထီနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းတို့ပြုလုပ်၍ အကြမ်းဖက်သမားများအား ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၂ လမ်းနှင့် ၅၄ x ၅၅ လမ်းကြား၊ ထွန်းတိုးရပ်ကွက်နေ စံထိုက်သီ အထည်ချုပ်လုပ်ငန်းလုပ်ကိုင်နေကြသူ ပညာရေးဝန်ကြီးဌာနမှ DCS(သစ္စာမဲ့ဝန်ထမ်း) သီတာဇော်(ဘ) ဦးဇော်စိုး၊ ၃၁ နှစ်နှင့်ဖြိုးမင်းစိုး (ဘ)ဦးဇော်စိုး၊ ၃၅ နှစ်တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၅/၅၈)၊ ဂရုဏာ(၅)လမ်း၊ ကြူစမ်းရွာသစ်၊ ပြန်လည်နေရာချထားရေး ရပ်ကွက်နေ သန်းဇော်မိုး (ဘ) ဦးစိန်ရွှေ၊ ၄၂ နှစ်အား လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပြေး DCS (သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ဆက်စပ်သည့် ဖမ်းဆီးရမိသူများ၏ စစ်ကြောမေးမြန်းချက်မှရရှိသည့် ပတ်သက်ဆက်စပ်မှုအခြေအနေ




ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် Social Media များမှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား DCS လှုပ်ရှားမှုတွင်ပါဝင်ရန် လှုံ့ဆော်ခြင်း၊ မိမိကိုယ်တိုင် DCS ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနမှ DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်ထံသို့ အဝတ်အထည်အမျိုးမျိုးချုပ်လုပ်၍ တရားမဝင်ပို့ဆောင်ပေးခဲ့သည့်အပြင် ခိုင်စုလွင် အွန်လိုင်းမှ တရားမဝင်ရောင်းချလျက်ရှိသည့် ထိုင်းထီများဝယ်ယူခဲ့ကြောင်း၊ ပြည်ပတွင်နေထိုင်သော ခိုင်စုလွင်မှ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ငွေကြေးထောက်ပံ့နိုင်ရန် ၎င်းတို့၏ Mobile Payments များအား အခကြေးငွေရယူ၍ အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ ရောင်းချရသည့်ငွေများအား ၎င်းတို့အမည်ဖြင့် ဖွင့်လှစ်ထားသော Mobile Payments များမှတစ်ဆင့် ငွေကြေးများ လွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်သည် Khaing Su Lwin Facebook Accountနှင့် khaingsu38cdm TikTok Account တို့အား ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာဝတ်စုံများ၊ ရှမ်းဝတ်စုံများနှင့် ညဝတ်အင်္ကျီများအား အွန်လိုင်းစနစ်ဖြင့် လိုင်စင်မရှိဘဲရောင်းချခြင်းလုပ်ငန်းအား DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်ထံမှ ချိတ်ဆက်ရယူလုပ်ကိုင်ခဲ့ခြင်းနှင့် တရားမဝင် ထိုင်းထီရောင်းချခြင်းတို့မှရရှိလာသောငွေကြေးများအား ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးခြင်းများဆောင်ရွက်လျက်ရှိသူ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့် အမိန့်များထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင်ရောင်းချခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော DCS ဝန်ထမ်း သီတာဇော်၊ ဖြိုးမင်းစိုးနှင့် ငွေကြေးလွှဲပြောင်းရာတွင် ပါဝင်ကူညီခဲ့သည့် သန်းဇော်မိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်၌ တရားမဝင်ဈေးရောင်းချခြင်းနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့်ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်း၊ ငွေကြေးလွှဲပြောင်းမှုများပြုလုပ်နိုင်ရန် အကူအညီပေးခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ၎င်းတို့နှင့်ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန် ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အားအသုံးပြု၍ တရားမဝင်ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များနှင့် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "pyaephyopaing62" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျောက်ကြီးစုရပ်ကွက်နေ ပြည့်ဖြိုးပိုင်အား ည ၈ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ "Chit Chit Chaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်နေ ချစ်ချစ်ချောအား ည ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## (၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၉-၂၀၂၅ ရက်မှ ၃၀-၉-၂၀၂၅ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ |
| | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၈ |

### ပျောက်ဆုံးကြောင်း
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီး မြို့နယ်၊ ညောင်ကုန်းအုပ်စု၊ ရန်ပယ်ခွေ ကျေးရွာနေ မောင်ထက်ငြိမ်းချမ်း(ဘ) ဦးမောင်မြ ၈/တတက(နိုင်)၂၀၅၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၁၅၈၉၇၄

### ပျောက်ဆုံးကြောင်း
ပွင့်ဖြူမြို့နယ်၊ သရက်တောအုပ်စု၊ ဝန်ရွာနေ မောင်စောမျိုးမင်း(ဘ) ဦးဌေးဝင်း ၈/ပဖန(နိုင်)၁၈၅၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၄၁၃၉၉၇

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့၊ ဆည်ကြီးကျေးရွာနေ မောင်ခိုင်ဇော်ဝင်း(ဘ)ဦးလှမြင့် ၈/နမန(နိုင်)၂၄၃၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၅၉၀၄၂၃

### ပျောက်ဆုံးကြောင်း
မြို့သစ်မြို့နယ်၊ သပြေစမ်းရွာနေ ဦးလင်းဇော်(ဘ)ဦးဌေးကြိုင် ၈/မသန(နိုင်)၁၀၁၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၆၃၇၄၃၅၄

### ဖခင်အမည်မှန်
ညောင်လေးပင်မြို့နယ်၊ အထက(၁)ပြွန်တန်ဆာ၊ Grade-12 မှ ကျောင်းဝင်အမှတ်(၀၈၀၅/၂၁)မထွေးထွေးငယ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ၇/ညလပ(နိုင်)၀၃၇၄၆၇ ဖြစ်ပါကြောင်း။
ဦးဆန်းလွင်

### ပျောက်ဆုံးကြောင်း
ဒဂုံတောင်မြို့နယ်နေ မနန်းသန်းအေး(ဘ)ဦးတင်အောင် ၁၂/ဒဂတ(နိုင်)၀၁၆၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တန့်ယန်းမြို့၊ နောင်လိုက်အုပ်စု၊ ရပ်ကွက်(၂)နေ မအားရှန်(ဘ)ဦးချွန်ခိုက်လင် ၁၃/တယန(နိုင်)၀၇၉၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 499714)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၃၆၁၈၅၈

### တစ်ဦးတည်းဖြစ်ပါကြောင်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ Grade-12(A) မှမောင်ဝိုင်းချစ် ၁၀/မလမ(နိုင်)၃၃၀၇၉၀ ၏ဖခင် ဦးမန်းနီးဘဲလူး(ခ)ဦးတင်ညွန့် ၁၀/မလမ(နိုင်)၃၂၂၇၀၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမန်းနီးဘဲလူး(ခ)ဦးတင်ညွန့်

### ပျောက်ဆုံးကြောင်း
ညိုညိုမ(ဘ)ဦးစန်းဝင်း ၁၄/ခနဖ(နိုင်)၁၇၈၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 332520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၈၂၇၈၄၀

### ပျောက်ဆုံးကြောင်း
ဒေါ်သန္တာဖြိုး(ဘ)ဦးမင်းအောင် ၈/ရစတ(နိုင်)၁၈၂၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 334784)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၆၁၄၉၅၃

### ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့၊ အမှတ်(၇)ရပ်ကွက်နေ ဒေါ်အမာလွင်(ဘ)ဦးကံအေး ၉/နထက(နိုင်)၀၀၇၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(427532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၇၈၂၃၃၅၇

### ဖခင်အမည်မှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွှေနံ့သာ Grade-12 မှ ပညာသင်ကြားနေသော မောင်ဟန်ဇော်မြင့်၏ဖခင် ဦးဟန်တင်၏အမည်မှန်မှာ ဦးဟံတင် ၈/မသန(နိုင်)၀၅၇၃၆၉ ဖြစ်ပါကြောင်း။ ဦးဟံတင်

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အ.ထ.က(ခွဲ)အနင်း Grade-12 မှ မရွှေစင်ဖူး၏ဖခင်အမည်မှန်မှာ ဦးစံလှ ၁၀/ရမန(နိုင်)၀၉၇၁၁၉ ဖြစ်ပါကြောင်း။
ဦးစံလှ

### အမည်မှန်
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း Grade-5 မှ (ဘ)ဦးပြေငြိမ်းထွန်း၏သား မောင်နိုင်ခန့်သာ၏ အမည်မှန်မှာ မောင်ခိုင်ခန့်သာဖြစ်ပါကြောင်း။
မောင်ခိုင်ခန့်သာ

### ပျောက်ဆုံးကြောင်း
သန့်ဇင်(ဘ)ဦးအောင်နိုင်ဦး ၁၂/လသယ(နိုင်)၁၀၉၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၆၄၀၀၄၄

### အမည်မှန်
ပဲခူးမြို့၊ လက်ပံခုန်အုပ်စု၊ ကင်းချောင်းကျေးရွာနေ အဘ ဦးစိုးဝင်း၏သမီးအမည်မှန်မှာ မအိရွှေစင် ၇/ပခန(နိုင်)၅၂၅၅၄၂ ဖြစ်ပါကြောင်း။
မအိရွှေစင်

### ပျောက်ဆုံးကြောင်း
မိုးမိုးအေး(ဘ)ဦးရွှေလှရောင် ၁၄/ပတန(နိုင်)၂၂၁၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာ၊ အမှတ်(၄၂၁)၊ ဗိုလ်အောင်ကျော်လမ်းနေ မရှင်းသန့်သန့်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးမျိုးမင်းကျော်ဖြစ်ပါကြောင်း။
ဦးမျိုးမင်းကျော်

### ပျောက်ဆုံးကြောင်း
သီရိစံ(ဘ)ဦးသက်နိုင်စိုး ၆/ရမသ(နိုင်)၂၂၉၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၄၇၅၈၉၇

### ပျောက်ဆုံးကြောင်း
ငွါးမဆီး(ဘ)ဦးငွါးလေး ၁/ဝမန(နိုင်)၁၀၂၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၅၃၄၈၈၁

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်မင်းခန့်စည်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၉/ကပတ(နိုင်)၀၁၈၄၄၉ ဖြစ်ပါကြောင်း။ ဦးဝင်းနိုင်ဦး

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃)ရွာတော် Grade-12 မှပညာသင်ကြားနေသော မအိအိမိုး၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမင်း ၉/လဝန(နိုင်)၂၂၈၆၄၄ ဖြစ်ပါကြောင်း။
ဦးထွန်းထွန်းမင်း

### မိခင်အမည်မှန်
မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အ.ထ.က(ခွဲ)အနင်း Grade-12 မှ မသဇင်ပိုင်၏မိခင်အမည်မှန်မှာ မိကွန်သမီး ၁၀/သဖရ(နိုင်)၀၈၀၁၁၁ ဖြစ်ပါကြောင်း။
မိကွန်သမီး

### ပျောက်ဆုံးကြောင်း
ထိန်အောင်လင်းသူ(ဘ)ဦးဌေးလတ် ၉/သေရ(နိုင်)၀၂၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 455181)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အိရွှေစင်(ဘ)ဦးဇော်ထွန်းဦး ၁၂/လသယ(နိုင်)၁၂၇၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၀၁၉၆၈၀

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ ပန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ အဘ ဦးမြတ်လင်းစိုး၏သား မောင်သီဟစိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၃-၂၀၀၅)ဖြစ်ပါကြောင်း။
(၂၅-၃-၂၀၀၅)

### ပျောက်ဆုံးကြောင်း
ဇော်မင်းဦး(ဘ)ဦးခင်ဇော် ၁၂/ဥကတ(နိုင်)၁၄၃၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရဲလင်းထွန်း(ဘ)ဦးမြင့်အေး ၇/သကန(နိုင်)၀၉၈၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြတ်တိုးလွင်(ဘ)ဦးဇော်လွင် ၇/ကဝန(နိုင်)၁၇၈၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၆၆၂၅၁၆

### ပျောက်ဆုံးကြောင်း
မောင်ကျော်သန့်(ဘ)ဦးလှဌေး ၁၂/ဒဂမ(နိုင်)၀၄၃၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၄၄၉၅၁၀

### မိဘအမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-6 မှ မောင်ကောင်းဆက်ဖြိုး၏မိဘအမည်မှန်မှာ စောလှဲ့ရှီး ၃/ဖပန(နိုင်)၀၄၀၁၆၆ နှင့် ဒေါ်သက်ဝေ ၃/ဖပန(နိုင်)၀၄၀၁၆၇ ဖြစ်ပါကြောင်း။ စောလှဲ့ရှီး-ဒေါ်သက်ဝေ

### ပျောက်ဆုံးကြောင်း
မိုင်ယုသလွင်(ဘ)ဦးကံလွင် ၁၁/တကန(နိုင်)၁၂၉၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၇၈၄၁

### ပျောက်ဆုံးကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာ(၄)လမ်း၊ မ-၁၁၈/၅ နေ လှလှ(ဘ)ဦးလှသိန်း ၁၂/တမန(နိုင်)၀၃၄၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၆၀၅၁၈၁

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ (မဟာထူးချွန်)ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် (A-၀၄၈၀) မယုနန္ဒာ၏ဖခင် ဦးလင်းနိုင်၏အမည်မှန်မှာ ဦးလင်းနိုင်ထွန်း ၈/တတက(နိုင်)၁၁၆၀၄၉ ဖြစ်ပါကြောင်း။ ဦးလင်းနိုင်ထွန်း

### တစ်ဦးတည်းဖြစ်ပါကြောင်း
မော်လမြိုင်မြို့၊ အ.ထ.က(၁၃)Grade-12(B) မှ ပညာသင်ကြားနေသော မခိုင်အိညီမ်း၏ဖခင်အမည်မှန်မှာ ဦးလချမန်ရောင်း(ခ)ဦးမောင်အေး (MME-၆၂၀၈၄၁)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးလချမန်ရောင်း(ခ)ဦးမောင်အေး

### ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(စံဝါအောင်း) Grade-12 မှ မနိုးနိုးအောင်၊ Grade-8 မှ မောင်နန္ဒမိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင် ၉/လဝန(နိုင်)၁၈၆၂၀၁ ဖြစ်ပါကြောင်း။ ဦးဇော်အောင်

### ပျောက်ဆုံးကြောင်း
အင်ကြင်းလှိုင်(ဘ)ဦးတင်ဝင်းလှိုင် ၇/ကတခ(နိုင်)၁၇၆၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းနိုင်ဌေး(ဘ)ဦးတင်ညွန့် ၇/ပတန(နိုင်)၀၈၈၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(548416)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၂၈၂၆၆၄

### ပျောက်ဆုံးကြောင်း
လှလှနွယ်(ဘ)အဒူဇော်လီ ၁၂/ဗတထ(နိုင်)၀၄၈၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ Zenith ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ကောင်းကျော်နိုင်၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သန်း ၇/အဖန(နိုင်)၀၂၄၂၉၀ ဖြစ်ပါကြောင်း။ ဦးအောင်ကျော်သန်း

### ပျောက်ဆုံးကြောင်း
နန်းကေသွယ်(ဘ)ဦးဝင်းအောင် ၆/ရမသ(နိုင်)၂၀၄၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၀၀၄၂၅၄

### ပျောက်ဆုံးကြောင်း
ကျော်သက်လွင်(ဘ)ဦးအုန်းလွင် ၁၂/မဂဒ(နိုင်)၀၉၈၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(610313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၆၄၂၇

### ပျောက်ဆုံးကြောင်း
ဇင်မင်းဦး(ဘ)ဦးထွန်းထွန်းဦး ၉/တကန(နိုင်)၁၉၀၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 724244)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၅၇၃၉၀၄


### ပျောက်ဆုံးကြောင်း
နှင်းဝင့်သဇင်(ဘ)ဦးခင်မောင်သန်း ၈/မဘန(နိုင်)၁၇၃၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၇၈၀၈၂၉

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(နတ်ကြီး)ကျောင်း၊ Grade-8 မှ မယွန်းနဒီထွန်းနှင့် Grade-5 မှ မမိုးစက်ဝိုင်တို့၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၇/ရကန(နိုင်)၀၅၄၀၁၂ ဖြစ်ပါကြောင်း။
ဦးထွန်းထွန်း

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့နယ်၊ သစ်ချဆိပ်ကျေးရွာနေ လှဲ့လှဲ့ဝင်း(ဘ)ဦးသိန်း ၇/ရတရ(နိုင်)၁၃၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၄၀၃၇၇၈၀


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON
YANGON YANGON


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည်အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို . . .

❖ နိုင်ငံတော်မှအရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်း မဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင် . . .

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၁၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ရယူ၍ မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရန်၊

(ခ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့်မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က)နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂-၁၀ -၂၀၂၅) ရက် အရောက်ပေးပို့ရန်၊

စာမျက်နှာ ၇ ကော်လံ ၁ ❍

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက

စာမျက်နှာ ၆ ကော်လံ ၁ ❒

အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ

စာ - ၂၉ သို့

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၄ သို့